# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

- www.myawady.net.mm
- E-mail:mwddailynewspapergroup@gmail.com
- အတွဲ(၁၆)၊ အမှတ်(၁၆၇)
- ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည်အစဉ်လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ✯ ပြည်ထောင်စုမပြိုကွဲရေး။
- ✯ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✯ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

## ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေး အခြေခံမူများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ဒုတိယရဲမှူးမြင့်ဇော်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုအလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်များကို

စာမျက်နှာ ၁၆ ကော်လံ ၁ ✯

## မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များကြောင့် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တပ်မတော်မှစစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်



နေရပ်ပြန်ခရီးသည်များ ရေယာဉ်ပေါ်သို့မတက်မီ မြန်မာနိုင်ငံတော်အလံအား ဦးခိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာစည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ တပ်မတော်(ရေ)မှ တာဝန်ရှိသူများ ဦးဆောင်သည့် စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့မှ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့ရာ မလေးရှားနိုင်ငံ၊

စာမျက်နှာ ၁၁ ကော်လံ ၁ ❖



တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းခဲ့သည့်နေရာများ၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depre-ssion)၏အရှိန်ကြောင့်တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းမှစ၍

စာမျက်နှာ ၃ ကော်လံ ၄ ●

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂ ရက်

# ဂုဏ်ယူဖွယ်ကောင်းသော နိုင်ငံ့တာဝန်

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီသည် သူ့အချိန်အခါနှင့်သူ လည်ပတ်လျက်ရှိသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် ပြည်သူ့စစ်မှုထမ်းတို့မှာ ယခုအခါ ပုံမှန်လည်ပတ်လျက်ရှိနေပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ စတင်ခဲ့သည်မှာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) အထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်ပုံစံ(၁၂)၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခြင်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးတွင် စက်တင်ဘာလ ၁၈ ရက်က ဂုဏ်ပြုအခမ်းအနားများဖြင့်ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး မိမိတို့၏မွေးရပ်မြေ၊ နေရပ်အသီးသီးသို့ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအား ဒေသခံပြည်သူများနှင့် မိဘဆွေမျိုးမိသားစုဝင်များက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာဂုဏ်ယူစွာဖြင့် ကြိုဆိုလျက်ရှိကြသည်ကို မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ဖြစ်သည်။ တပ်မတော်နှင့်ပြည်သူအကြား အပြန်အလှန်ယုံကြည်လေးစားမှု၊ တစ်သားတည်းဖြစ်တည်နေမှုကို ထင်ရှားစွာသက်သေပြနေသည့် မြင်ကွင်းများဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းများအနေဖြင့် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်တွင်ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိစေမည်ဖြစ်သည်။ ထို့ပြင် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီများတွင် ဝန်ထမ်းအဖြစ်လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့်အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးမှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က ထာဝစဉ်တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းသားကောင်းရတနာများသည် ဂုဏ်ယူဖွယ်ကောင်းသော နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## MWD Variety Channel ၂-၁၀-၂၀၂၆(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၁:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၂။ | ၁၂:၄၀ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |
| ၃။ | ၁၄:၄၀ | ကျန်းမာသောဘဝ |
| ၄။ | ၂၂:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း (ဝလုံးတန်းကအလှဆုံးပန်းကလေးများ) |

## သဇင်(FM)အသံလွှင့်အစီအစဉ် ၂-၁၀-၂၀၂၆(သောကြာနေ့)

၁။ ဝ၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဗျို့

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/ဝ၃၂-၃ဝ၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ဝ၃၁-၇၄ဝဝ၆၊ ဝ၃၁-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ဝ၃၁-၇၄ဝ၂၁၊ ဖြန့်ချိရေး ဝ၁၈-၄ဝဝ၆၉၇၊
**ကြော်ငြာ** ဝ၃၁-၇၄ဝ၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ဝ၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ဝ၉-၄၄၄၄၁၈၆၉၁၊ ဝ၃၄-၇၃၆ဝ၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ဝဝ၃၇၈/ဝဝ၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

## ပူတာအိုမြို့နယ်အတွင်းရှိ မိုးစပါးလယ်များအတွင်း လယ်သီးထပ်ဆီထွက်သီးနှံ ဆီမုန်ညင်းစိုက်ပျိုးနိုင်ရေး ကွင်းဆင်းစစ်ဆေးပြီး မျိုးစေ့များထောက်ပံ့



ပူတာအို အောက်တိုဘာ ၁

မြန်မာပြည် မြောက်ဖျားပိုင်း ကချင်ပြည်နယ် ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် သီးထပ်စိုက်စွမ်းအားတိုးတက်မြင့်မားလာစေရေး ဆန်ဂေါင်ကျေးရွာအတွက် ဆီမုန်ညင်းတင်း ၅၀ နှင့် စိုက်ပျိုးမည့် လယ်ဧက ၁၅၀ အတွက် ခြစ်ညည်းရိုးကာရံနိုင်ရေး ငွေကျပ်သိန်း ၅၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူတာအိုမြို့နယ် ဆန်ဂေါင်ကျေးရွာသို့သွားရောက်၍ အထက်ဆန်ဂေါင်ကျေးရွာအတွင်း ပါတိတ်ချောင်းပေါ်တွင် ကျေးရွာကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားသော ပါတိတ်ချောင်းကူးကြိုးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ခိုင်ခံ့မှုတို့ကို ဖြတ်သန်းစစ်ဆေးကြပြီး တံတားတစ်ဖက်ကမ်းတွင် မိုးစပါးစိုက်လယ် ၁၀၅ ဧကအပြင် တစ်ဆက်တစ်စပ်တည်းရှိသည့် ဧက ၂၀ ပါ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးထပ်စိုက်ပျိုးမည့်လယ်အားလုံး ခြစ်ညည်းရိုးကာရံပေးနိုင်ရေးနှင့် ပါတိတ်ချောင်းရေစီးဆင်းမှုအပေါ် ကမ်းပါးတိုက်စားမှုမဖြစ်ပေါ်စေရေး ဒေသခံတောင်သူများနှင့် ညှိနှိုင်းဆွေးနွေးကာ တောင်သူများ၏လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောက်ဆန်ဂေါင်ကျေးရွာရှိ ကျေးရွာခန်းမ၌ ကျေးရွာအတွင်းရှိ ဒေသခံတောင်သူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ယခုနှစ်တွင် ဆီမုန်ညင်း ၇၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဆီမုန်ညင်းမျိုးစေ့တင်း ၅၀၀ အခမဲ့ ဖြန့်ဖြူးထားပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် အဆိုပါခန်းမဘေးရှိ ပါတိတ်ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး ဆောင်ရွက်ထားသည့် ကျောက်လုံးစီအိတ်ချထားခြင်းနှင့် ဆက်လက်တိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်အပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် မာမူးလဲ့ကျေးရွာသို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်အတူ မာမူးလဲ့ရွာမကွင်းနှင့် မကျော့ဝါကွင်း စုစုပေါင်း ၁၆၃ ဧကအတွင်းရှိ မိုးစပါးစိုက်လယ်များအတွင်း မိုးစပါးရိတ်သိမ်းပြီးစီးပါက လယ်သီးထပ်ဆီမုန်ညင်းစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

| | | | | |
|---|---|---|---|---|
| **မှတ်သား ဖွယ်ရာ မိုးရေချိန်များ** ၂-၁၀-၂၀၂၄ | ဟားခါး | ၄ ဒသမ ၀၂ လက်မ | ကန့်ဘလူ | ၂ ဒသမ ၇၆ လက်မ |
| | ဂန့်ဂေါ | ၃ ဒသမ ၈၆ လက်မ | မော်လိုက် | ၂ ဒသမ ၅၆ လက်မ |
| | မင်းကင်း | ၃ ဒသမ ၄၃ လက်မ | ဖြူး | ၂ ဒသမ ၄၄ လက်မ |
| | ကလေးဝ | ၃ ဒသမ ၃၅ လက်မ | ရေဦး | ၂ ဒသမ ၃၆ လက်မ |
| | ပူတာအို | ၃ ဒသမ ၀၀ လက်မ | ဖောင်းပြင် | ၂ ဒသမ ၂၈ လက်မ |

● ရှေ့ဖုံးမှအဆက်

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့်ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည့်အပြင် မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ နေရာအချို့တွင်လည်း ရေကျော်ခြင်းများဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့အပါအဝင်မြို့နယ် ၅ မြို့နယ်တို့ရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းအား စက်တင်ဘာလ ၂၈ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ ရေကြီးရေလျှံမှုအခြေအနေများကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းများမှာ ရေဖြူမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း(၃) ကျောင်း၊ ထားဝယ်မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း (၂) ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၂) ကျောင်း၊ လောင်းလုံးမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)(၆)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ မူလတန်းနှင့်မူလတန်းလွန်ကျောင်း (၁၃)ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၂)ကျောင်း၊ ကိုယ်ပိုင်ကျောင်း(၁)ကျောင်း၊ သရက်ချောင်းမြို့နယ်အတွင်း အခြေခံပညာ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) (၁)ကျောင်း၊ မူလတန်းနှင့်မူလတန်းလွန်ကျောင်း (၉)ကျောင်းနှင့်ပုလောမြို့နယ်အတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း (၁)ကျောင်း စုစုပေါင်း မြို့နယ် ၅ ခုမှ အခြေခံပညာကျောင်း ၅၆ ကျောင်း တို့ဖြစ်ကြောင်း သိရှိရသည်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရေပြန်လည်ကျဆင်းခဲ့သည့် နေရာများရှိ အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ပြီးနောက် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများတွင် ကျောင်းများအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကျောင်းအတွင်း/ အပြင်၌ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းမြေများဖယ်ရှားခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ စာသင်ခုံများပြုပြင်ခြင်း၊ စာသင်ခန်းအတွင်း/ အပြင်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာယီပိတ်ထားခဲ့ရသည့်ကျောင်းများအနက် စက်တင်ဘာလ ၃၀ ရက်တွင် အခြေခံပညာကျောင်း ၁၄ ကျောင်း၊ ယနေ့တွင် အခြေခံပညာကျောင်း ၄၁ ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း ၅၅ ကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျန်ရှိသည့် ပုလောမြို့နယ်မှ အခြေခံပညာမူလတန်းလွန်ကျောင်း(ပလောက်နောက်)ကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေပြန်လည်ကျဆင်းချိန်တွင် သန့်ရှင်းရေးနှင့်ပြုပြင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း



နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ ရေပြန်လည်ကျဆင်းသွား၍ တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်းခြင်းများဆောင်ရွက်စဉ်။



နယ်မြေခံတပ်မှတာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင်မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့်လေးမျက်နှာမြို့ပေါ်ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဝေန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ရေများ ပြန်လည်ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်အတွင်း ၈ ပေ ၈ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၄ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၈ လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၇ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီးလိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

**ယမန်နေ့မှအဆက်**

"တန်ကြစမ်း တန်ကြစမ်း ခရီးသွားမယ့်အရေး ဘာလို့မျက်ရည်ကျနေရသလဲ၊ သွားရမယ့်လမ်းခရီးမှာ စမ်းပေါက်တွေ၊ ရေကန်တွေ ပေါမှပေါ ဘာရေဘူးမှ မလိုဘူး၊ ဟိုကောင် ငရွှေရေး နင်ကဘယ်တုံး"

"ကလေးကို စိတ်မချလို့ ရန္တပိုအထိ လိုက်ပို့မလို့ ပါဘုရား"

"အို အဘ ပင်ပန်းလှပါတယ်ဗျာ မလိုက်ပါနဲ့ ကျုပ် သွားရဲပါတယ်"

"ဟ လူကလေးရ မင်းကိုယ်မင်း ဘာထင်နေလဲ၊ ဒီလမ်း ဒီခရီး နီးမှတ်နေလား။ တစ်ခေါက်တစ်ကျင်းမျှ မရောက်ဖူးဘဲ ခုမှ မင်းအသက်က ဆယ့်နှစ်နှစ်ရှိ သေးတယ်"

"အဘကလည်း ကျုပ်ယောက်ျားပါဗျ၊ အဘသားပါ၊ မေးမှာပေ့ါ အဘပင်ပန်းပါတယ် မလိုက်ပါနဲ့"

"ကဲ ငရွှေရေး နင့်ကို ငါ ဘာပြောထားလဲ နေပစေ မလိုက်နဲ့"

မောင်စံကင်းက ဆရာတော်ဘုရားကြီးအား နောက်ဆုံး ရိုသေစွာ ဦးချကန်တော့လိုက်ပြီး မည်သူ့ကိုမျှ နှုတ်မဆက်တော့ဘဲ ချာခနဲလှည့်ကာ ကျောခိုင်း ထွက်သွားလေတော့သည်။

"ဟော့ သူတော် ရွာအပြင် မြောက်ရိုးက ခင်တန်းမှာ ဒီရက်ပိုင်း မြင်းရိုင်းတွေ စားကျက်ကျနေကြသကွဲ့နော"

ဆရာတော်ကြီးက စကားအဆက်အစပ်မရှိမိန့်ကာ ကျောင်းပေါ်တက်သွားလေလျှင် ရွှေရေးတို့မိသားစုလည်း နောက်မှအပြေးလိုက်တက်ကြကာ မညီညာသော တောင်ကုန်းလွင်ပြင် ဆင်းချည်တက်ချည်ဖြင့် တစိုက်စိုက်သွားနေသောသားကို လှမ်းမျှော်ကြည့်ကြသည်။

"ကိုရင် ကိုရင့်သားက ကျုပ်တို့ကို စိမ်းကားလိုက်တာတော်၊ တစ်ချက်ကလေးတောင် နောက်လှည့်မကြည့်ဘူး"

"ကဲပါ ရှင်မရယ်၊ လာပါ၊ ဒီကောင် တစ်ချက်တော့ လှည့်ကြည့်မှာပါကွဲ့"

ရွှေရေးတို့လင်မယားက ခေါင်းပေါင်းပဝါကလေးများကို အသင့်ကိုင်ကာ သူတို့သား လှည့်အကြည့်၌ ဝှေ့ယမ်းပြကြရန် ဟန်တပြင်ပြင်ဖြစ်နေကြ၏။ ရွာဦးကျောင်းကြီးမှာ ကုန်းမြင့်အထက်တွင် ရှိနေသဖြင့် ရွာမြောက်ကုန်း ခင်တန်းအစပ်ရှိရာ ကုန်းမြင့်လျှိုမြောင်တို့ကိုကျော်ကာ ဆင်းကာဖြင့် စိုက်စိုက် စိုက်စိုက်သွားနေသော မောင်စံကင်းကို မြင်းအုပ်ကြီးအနီး၌ရေးရေးမျှ မြင်နေကြရသည်။

မောင်စံကင်းလည်း တဖြည်းဖြည်းလျှောက်လာရင်း ရှေ့လျှောက် တောကိုဖြတ်ရတော့မည်ဖြစ်၍ မိခင် ဖခင် ဆရာသခင်နှင့် အဘိုးအဘွားတို့ကို တစ်ခါမျှ လှည့်ကြည့်ရန် စိတ်ကူးလိုက်စဉ် ထူးဆန်းစွာပင် ယခင်က လူအနံ့ပင်မခံအောင် အရိုင်းအစိုင်းမြင်းများက သူတို့အကြားရောက်လာသည်အထိ သူ့ကို အရေးမစိုက်ကြသည့်အပြင် မြင်းအုပ်၏ခေါင်းဆောင်ဖြစ်ဟန်တူသော မဟူရာရောင်မြင်းသိုးကြီးကလည်ဆံမွေးများကိုခါလျက် ဟီသံတစ်ချက်ပေးကာ အလိုလို ပတတ်ရပ်လေသည်။ မြင်းသားပေါက်ကလေးနှင့် အုန်းခွံရောင်မြင်းမကြီးတစ်ကောင်က ယဉ်ပါးသယောင်ဖြင့် သူ့အနားကပ်လာသည်။

နှစ်စဉ် စားကျက်ကျတတ်ကြသည့် ဤမြင်းအုပ်ကြီးမှာ မောင်စံကင်းတို့ ခုနစ်နှစ်သားအရွယ်ကပင် ကိုရင်ကျောင်းသားကလေးများ လက်သင့်ရာဖမ်း၍ အပျော်စီးနေကြမြဲဖြစ်ရာ ဤအုန်းခွံရောင်မြင်းမလေးမှာ ပြီးခဲ့သော မိုးဦးကျ မတမ်းမအရွယ်ကပင် မောင်စံကင်း တစ်ကြိမ်ဖမ်းစီးဖူး၏။

ကျောင်းစည်းရိုးကအထွက် စကားအဆက်အစပ်မရှိ ဆရာတော်မိန့်လိုက်သောစကားကို ပြန်လည်ကြားယောင်ရင်း–

"အင်း ဆရာတော်က ဒီမြင်းရိုင်းအုပ်ထဲက မြင်းတစ်ကောင်ကို အရယူပြီး ဒီခရီးကို သွားစေချင်တဲ့သဘောပဲ၊ ဒီမြင်းမက ငါ့အတွက် အဖော်ပဲဖြစ်ရမယ်"

စိတ်ကူးနှင့်အတူ ပန်းတော်မြက် လက်တစ်ဆုပ်ကို ဆွဲနုတ်ကာ အစာပြချော့မြူ၍ မြင်းမသားအမိအနားသို့ အသာအယာကပ်သွားလိုက်ပြီး လက်တစ်ကမ်းမျှအနားရောက်လျှင် လှည့်ပြေးဟန်ပြင်နေသော မြင်းမ၏ တင်ပါးဆုံသို့ လက်ဖြင့်ထောက်ကာ လျင်မြန်သောအဟုန်ဖြင့် ကျောပေါ်သို့ ပေါ့ပါးစွာတက်လိုက်၏။ ချက်ချင်းပင် လည်ဆံမြိတ်ကို မြဲမြံစွာဆုပ်ဆွဲထားလိုက်လေတော့သည်။

မြင်းရိုင်းမမှာ ထိတ်လန့်ခုန်ပေါက်ကာ ရှေ့ခြေနှစ်ချောင်းကိုမြှောက် ပတတ်ရပ်ရာ မောင်စံကင်းက ခြေခွင်ညှပ် အလိုက်သင့် ဖော့ထားလိုက်၏။ တစ်ဖန်ပြေးလွှားခုန်ပေါက် နောက်ခြေမြှောက်၍ တင်ပါးဆုံဖြင့် ခါချပြန်ရာ သူ့လက်ပြင်ကြား ဒူးကို ကားထားသဖြင့် ခွာလေးဖက်စုံချ တောင်ကုန်းထက်သို့ ကဆုန်စိုင်းပြန်၏။ ငှက်မွေးပမာ သူ့ကျောကုန်းထက်ကပ်ပါလာသော စံနက်ကျော်ကို နောက်ဆုံးအကြိမ်အဖြစ် အရှိန်နှင့်ပြေးနေရာမှ ခြေစုံကန်ရပ်လိုက်၏။ မြင်းမလေးသည် သူ့ကျောကုန်းထက်က လူသားကို ပညာစမ်းနေသလော ထင်ရလောက်ဖွယ် ခေါက်တုံ့လူးလာ ချွေးများဖြာလျက် နောက်ဆုံးမာန်ချကာ အမြဲသတိရှိနေသည့် စံနက်ကျော်စေစားသမျှ လိမ္မာစွာပါရလေတော့သည်။

ရတနာကောင်ဖြစ်သော မြင်းသတ္တဝါဆိုသည်မှာ အသိဉာဏ်မြင့်မားကြသည်ဟု ငယ်စဉ်ကပင် စာများတွင် သင်ကြားခဲ့ရ၏။ ထို့ကြောင့် သူစေစားရာရပြီဖြစ်သော မြင်းမလေးကို တောင်ကုန်းဆင်းတက် လူးလာခတ်မျှ ချွေးဒီးဒီးကျအောင် စီးနင်းမောင်းနှင်ကာ ငါသည် မင်းရဲ့သခင်ဆိုသည်ကို သိအောင် အစွမ်းပြလိုက်ရာ မြင်းမလေးနှင့်အတူ မြင်းအုပ်ကြီးကပါ မြူးထူးခုန်ပေါက်ပြေးလွှားနေကြသဖြင့် နပွလွှင်ရွာသားများ ရွာပြင်တောတန်းတစ်လျှောက် အံ့သြဘနန်း ထွက်ကြည့်ကြလေသည်။

"ရတနာကောင်ဖြစ်သော မြင်းသတ္တဝါဆိုသည်မှာ အသိဉာဏ်မြင့်မားကြသည်ဟု ငယ်စဉ်ကပင် စာများတွင် သင်ကြားခဲ့ရ၏။ ထို့ကြောင့် သူစေစားရာရပြီဖြစ်သော မြင်းမလေးကို တောင်ကုန်းဆင်းတက် လူးလာခတ်မျှ ချွေးဒီးဒီးကျအောင် စီးနင်းမောင်းနှင်ကာ ငါသည် မင်းရဲ့သခင်ဆိုသည်ကို သိအောင် အစွမ်းပြလိုက်ရာ မြင်းမလေးနှင့်အတူ မြင်းအုပ်ကြီးကပါ မြူးထူးခုန်ပေါက်ပြေးလွှားနေကြသဖြင့် နပွလွှင်ရွာသားများ ရွာပြင်တောတန်းတစ်လျှောက် အံ့သြဘနန်း ထွက်ကြည့်ကြ . . ."

ကျောင်းကြီးပေါ်မှ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ကြည့်နေကြရင်း ဒေါ်မယ်လွန်းတို့သမီးချွေးမနှစ်ယောက် ရင်ဘတ်ကလေးများကို ဖိထားကြ၏။ မြင်းကို နိုင်နင်းကျွမ်းကျင်စွာစီးပြီး သူတို့ရှိရာသို့ ဒုန်းစိုင်းပြန်လာသော မောင်စံကင်းကိုမြင်လျှင် ရွှေရေး ကျောင်းအောက် ပြေးဆင်းသွားလေသည်။

"ဟဲ့လူကလေး ရွှေရေး သွားသွား အမြန်ဆင်း၊ လှည်းယဉ်ကြော့က မင့်နွားတစ်ကောင်ရဲ့ ချည်ကြိုးကို ဖြုတ်၊ မြင်းပါးချုပ်ကြိုးလုပ်ပေးလိုက်စမ်းဟဲ့"

ဦးသူတော် စကားပင်မဆုံးသေး၊ ရွှေရေးက ကျောင်းအောက်ရောက်ချေပြီ။ ဆရာတော်ကြီးက လူစွမ်း လူစ မသေးသော တပည့်ကိုကြည့်ကာ "နပွလွှင်ရွာသား စံနက်ကျော်"ဟု မြည်တမ်းဟစ်ကြွေးလိုက်ရာ တောကြီးခင်တန်းတစ်လျှောက် ပဲ့တင်ထပ်သွားလေသည်။

ကျောင်းခြံစည်းရိုး ရွာအဝင်လမ်းပေါ်၌ မြင်းရိုင်းမကြီးကို ခေါက်တုံ့လူးလာ မြူးကာတလီ ခုန်ကာ တစ်လှည့် မြင်းရေးအတတ်အမျိုးမျိုးပြလျက် မွေးရပ်မြေဇာတိအား နောက်ဆုံးနှုတ်ဆက်ကာ နောင်သမိုင်း၌ ဒဏ္ဍာရီဆန်စွာ ဥဒါန်းတွင်ရစ်မည့် နပွလွှင်ရွာသား စံနက်ကျော်ဟူသော ဘုန်းကြီးကျောင်းသားလေးသည် မြင်းခြံမြှောက်လက် ဆီမီးခုံနယ် ပုလဲနယ် အင်ကြင်းတောတန်းကြီးများထဲသို့ အုန်းခွံရောင် မြင်းကြီးစီးလျက် ဝင်ရောက်သွားလေတော့သည်။

■ ■ ■ ■ ■

**အခန်း(၃)**

**ဟောဝန်မြို့ ဤခရီး**

ပူရှိန်ထန်ကြီး လမ်းခရီးတစ်လျှောက်၌ အရိပ်အာဝါသကောင်းလှသော များပြားထူထပ်လှသည့် မန်ကျည်း၊ အင်ကြင်း၊ ထနောင်းတော ဒဟတ်ပင်ကြီးများနှင့် မိုးထိမြင့်မားလှသော ထန်းတောကြီးများထဲမှ ဖြတ်သန်းခဲ့ရသည်။ ဆရာတော်မိန့်သကဲ့သို့ပင် ရေထွက်စမ်းပေါက်ကလေးများ၊ သဘာဝရေကန်ကြီးများအပြင် ဖုန်ထူခြောက်သွေ့လှသော ထန်းတောကြီးများအလယ်က ဖြတ်သန်းချိန်တွင်လည်း တောနေထန်းတဲလေးများ၌ နားခိုခဲ့ရသဖြင့် ထင်သလောက်မပန်းလှပေ။

ကြီးမားနက်ခေါင်လှသော သစ်မျိုးစုံပေါက်နေသည့် အင်ကြင်းတောကြီးများထဲက ဖြတ်သန်းနေချိန်၌လည်း ဤအရွယ်အထိ ရွာနှင့်ကျောင်း၊ ကျောင်းနှင့်ရွာသာ ကျင်လည်ခဲ့ဖူးသော မောင်စံကင်းအဖို့ မြင်သမျှ ကြားသမျှအသံများနှင့် သဘာဝတောတောင် သစ်ပင်ပန်းမန်များက ကြည်နူးသာမောဖွယ်ချည်းဖြစ်နေတော့သည်။

သူတစ်ကြိမ်တစ်ခါမျှ မကြားဖူး မမြင်ဖူးသော ကျေးငှက်သာရကာတို့၏ အော်မြည်တွန်ကျူးသံများ၊ လှပသော ဥဒေါင်းငှက်ကြီးများ၏ အိုးဝေ အိုးဝေ တွန်ကျူးသံများ၊ မျောက်မျိုးစုံတို့၏ ကွိကွ ကွိကွ အော်ဟစ်ပြေးလွှားကာ အပင်ခုန်ကူးနေကြသည်များကို မျက်စိအရသာခံကာ ရပ်ကြည့်ဖြစ်ခဲ့သည်။ ထိုနေရာမှပင် တောအထပ်ထပ် ကာရံလျက် ကလပ်တစ်ခုပေါ်တင်ထားသကဲ့သို့ဖြစ်နေသော တောင်ကလပ်တစ်ခုနှင့် တောင်ထိပ်က စေတီငယ်ကိုလည်း ဖူးခွင့်ကြုံခဲ့ရသည်။ **ဆက်လက်ဖော်ပြပါမည်။**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျေးလက်ကျန်းမာရေးဌာန၌ ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များ ကျန်းမာသန်စွမ်းရောဂါကင်းစင်စေရန် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို အောက်တိုဘာလ ၁ ရက်တွင် ဆောင်ရွက်ပေးစဉ်။ ရန်ကင်း

## ဆီစက်လုပ်ငန်းရှင်များ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေလျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁**

ဆီစက်လုပ်ငန်းရှင်များ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ အနည်းဆုံးငွေကျပ် သိန်း ၁၀၀ မှ အများဆုံး ငွေကျပ် သိန်း ၅၀၀၀ အထိ လျှောက်ထားနိုင်ကြောင်း ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ သိရသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရာတွင် လက်ရှိ လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်ဖြစ်ပြီး လုပ်ငန်းအမည်ပေါက်လိုင်စင်(သက်တမ်း)ရှိရမည်ဖြစ်ကာ ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို ပေးအပ်ရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၌ လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေ ရယူလိုပါက သီးခြားအာမခံတင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ကြောင်း သိရသည်။

ချေးငွေပမာဏအနေဖြင့် လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေအတွက် အနည်းဆုံးချေးငွေ ငွေကျပ် သိန်း ၁၀၀ မှ အများဆုံး ငွေကျပ် သိန်း ၅၀၀၀ အထိ၊ မတည်ရင်းနှီးငွေအတွက် အနည်းဆုံးချေးငွေ ငွေကျပ် သိန်း ၂၀၀ မှ အများဆုံး ငွေကျပ် သိန်း ၅၀၀၀ အထိဖြစ်သည်။

ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလမှာ လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေအတွက် ချေးငွေသက်တမ်းတစ်နှစ်၊ မတည်ရင်းနှီးငွေအတွက် ချေးငွေသက်တမ်းသုံးနှစ် ဆိုင်းငံ့ကာလတစ်နှစ်၊ ပြန်ဆပ်ကာလနှစ်နှစ် ခြောက်လတစ်ကြိမ် လေးရစ်ပေးသွင်းရမည်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ခင်မောင်တင်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား တွင် သီဆိုတီးမှုတ် ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေး ဌာနခွဲအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

❍ ကျောဖုံးမှအဆက်

နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များ နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေး ဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် နိုင်ငံကျော် အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဂုဏ်ပြုသီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ကျိုက်ထို အောက်တိုဘာ ၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့ မြို့နယ် ပြည်သူ့ဆေးရုံ မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ မွေးကင်းစမှအသက်နှစ်နှစ်အောက် ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းတွင် ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျိုက်ထိုမြို့ပေါ်ရှိ ရပ်ကွက်(၆) ရပ်ကွက်ရှိ မွေးကင်းစမှအသက် နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင် အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်



ကာကွယ်ဆေး၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးတံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများသည် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ငွေးကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင်တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ခင်မာစန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၆၀ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ၃၀ဦးကိုငွေကျပ်၄ ဒသမ ၅၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၀ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ အတိုးနှုန်း သက်သာစွာထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အောင်ရဲကျော်

## ပဲပုပ်သီးနှံ(ရေဆင်း-၁၅)မျိုးစေ့များ ပံ့ပိုးပေးအပ်

**ရေနံချောင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် မြို့နယ်အထွေထွေ




အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲပုပ်သီးနှံများ စတင်စမ်းသပ်စိုက်ပျိုးရန်အတွက် အကျိုးဆောင်တောင်သူများထံသို့ ပဲပုပ်သီးနှံ(ရေဆင်း-၁၅)မျိုးစေ့များ ပံ့ပိုးပေးအပ်ခြင်းကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယဉ်မင်းစိုးက ပဲပုပ်သီးနှံစိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ စိုက်ပျိုးရေးလျာထားချက်များနှင့်စိုက်ပျိုးနည်းစနစ်ကောင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဘူးကျွန်းကျေးရွာအုပ်စုနှင့် ရုံးဆိပ်ကျွန်းကျေးရွာအုပ်စုတို့မှ ပဲပုပ်စမ်းသပ်စိုက်ဧက ၅၀ အတွက် ပဲပုပ်သီးနှံမျိုးစေ့များကို တောင်သူများထံသို့ ပေးအပ်သည်။

ပဲပုပ်သီးနှံအထွက်တိုးရေးနှင့် စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးနည်းစနစ်များနှင့် သွင်းအားစုများစနစ်တကျသုံးစွဲနိုင်ရေး တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကိုစိုးကြီး(ပြန်/ဆက်)

## ရမည်းသင်းမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၁**

လူငယ်များအသိပညာဗဟုသုတရရှိစေရန်နှင့် အသိအမြင်ကြွယ်ဝစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် KTL ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်း၍ နယ်လှည့်အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ယင်းနယ်လှည့်အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျွမ်းကျင် (၃) (ရုပ်သံ) ဒေါ်အေးအေးမွန်က ကလေးအလုပ်သမားပပျောက်ရေးခေါင်းစဉ်ဖြင့် အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာသော ကလေးသူငယ်များအား ရုပ်ပြစာအုပ်များ၊ နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

(၄၀၂)

# အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ





မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များပါဝင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ၊ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်၊ ဗုဒ္ဓဂယာနှင့် စေတီပုထိုးများအား ဖူးမြော်ကြည်ညိုပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများပိုမိုတိုးမြှင့်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ရန် ချစ်ကြည်ရေးခရီးစဉ်အဖြစ်စတုတ္ထအကြိမ် သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံ ဂါယာမြို့သို့ ထွက်ခွာခဲ့ကြသည်။



မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်အား ဖူးမြော်ကြည်ညိုစဉ်။

အဆိုပါ မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ၊ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်၊ ဗုဒ္ဓဂယာနှင့် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂါယာမြို့ရှိ ဗိုလ်သင်တန်းကျောင်း (OTA)သို့ သွားရောက် လေ့လာခဲ့ကြသည်။ ညပိုင်းတွင် မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံမှတာဝန်ရှိသူများက ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ လေဆိပ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယစစ်သံမှူး Colonel Arjun N Singh (အာဂျွန်အန်ဆင်းဟ်) တို့က ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

---

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့သည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ



အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကြည့်ရှုလေ့လာစဉ်။



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းဗိမာန်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရန်နှင့်ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အပြန်အလှန်ဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ရန် အတွက်ချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယတပ်မတော်(ကြည်း၊ရေ၊လေ) မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်စက်တင်ဘာလ ၂၉ ရက်မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ရောက်ရှိကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်အပါအဝင် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီတော်များအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)၊ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက် စသည့် အထင်ကရနေရာများအား သွားရောက်လေ့လာလည်ပတ်ခြင်းများဆောင်ရွက်ခဲ့ကြသည်။ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၃၀ ရက်ညပိုင်းတွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh (အာဂျွန် အန် ဆင်းဟ်) တို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

---

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ သီးနှံဧက ၄၀၀၀ ကျော် စိုက်ပျိုးမည်

**မုံရွာ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံဧက ၄၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၆ – ၂၀၂၇ ခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မုံရွာခရိုင်၌မတ်ပဲစိုက်ပျိုးရန်အတွက်မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်၌ဧက ၈၅၀၊ ဘုတလင်မြို့နယ်၌ဧက ၅၀၊ အရာတော်မြို့နယ်၌ဧက ၂၉၅၀ နှင့် ချောင်းဦးမြို့နယ်၌ဧက ၈၃၀ စုစုပေါင်းဧက ၄၆၈၀ တို့ဖြစ်သည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများ စသည်တို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(၄၀၉)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မီတာခကောက်ခံမှုစနစ် ပြောင်းလဲရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့ရှောင်လမ်းစီမံကိန်းဆောင်ရွက်ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၂) ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လသာမဲဆန္ဒနယ်မှ ဦးလှတင့်၏ **မီတာခကောက်ခံမှုစနစ်အား ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်သည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို မိနစ်ပိုင်း၊ နာရီပိုင်းအလိုက် အချိန်နှင့်တစ်ပြေးညီအလိုအလျောက်တိုင်းတာထားပြီး လျှပ်စစ်ဓာတ်အား သုံးစွဲသူနှင့် ထိန်းချုပ်ကွပ်ကဲသူတို့က သိရှိနိုင်ရန်နှင့် Online Banking မှတစ်ဆင့် ဓာတ်အားခပေးချေနိုင်သည်အထိ စီစဉ်ချိတ်ဆက်ထားသော စနစ်တစ်ခုဖြစ်ပါကြောင်း။

အဆိုပါ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်တွင်တပ်ဆင်ရသောမီတာများသည် ရိုးရိုး Analouge နှင့် Digital မီတာများကဲ့သို့ လ၏အဆုံးတွင် မီတာတပ်ဆင်သည့်နေရာတွင်သွားရောက်ဖတ်ရှုရန်မလိုဘဲ သိရှိလိုသည့်အချိန်တွင် Utility ၏ Control Center နှင့် Consumer တို့သည် ချိတ်ဆက်ထားသော Monitoring Display တွင်လည်းကောင်း၊ Web Portal တွင်လည်းကောင်း ချက်ချင်းကြည့်ရှုသိရှိနိုင်သည့် စနစ်ဖြစ်ပါကြောင်း၊ ယင်းစနစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အဦများတွင် Hardware အခြေခံအဆောက်အဦ၊ ဆက်သွယ်ရေးကွန်ရက်၊ ဆော့ဖ်ဝဲလ်နှင့် စနစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦ၊ လုံခြုံမှု၊



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။

ပြုပြင်ထိန်းသိမ်းမှုနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ လိုအပ်မည်ဖြစ်ပါကြောင်း။

လက်ရှိလျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက်တပ်ဆင်ပေးထားသော မီတာအရေအတွက် စုစုပေါင်း ၆၉၂၇၀၉၁ လုံးရှိသည့်အနက် AMI မီတာလဲလှယ်တပ်ဆင်ပြီး မီတာ ၁၃၇၃၀၇၅ လုံးဖြစ်ပါ၍ လဲလှယ်ရန် ၅၅၅၄၀၁၆ လုံး ကျန်နေပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားသုံးစွဲရန် အသစ်လျှောက်ထားသူများအတွက်လည်း ထပ်မံလိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ AMI မီတာများ တိုးချဲ့တပ်ဆင်မှု၊ Main Server တိုးချဲ့မှု၊ Billing Server နှင့် ဘဏ်ချိတ်ဆက်မှုအတွက် Software & System Infrastructure တိုးချဲ့မှုတို့ကို နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ အခြေခံအဆောက်အဦများကို အပြည့်အဝတည်ဆောက်အကောင်အထည်ဖော်နိုင်မှသာလျှင် အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် ဆောင်ရွက်ရန် အချိန်ကာလနှင့် ဘဏ္ဍာငွေကြေးများစွာ လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **လောင်းလုံးမြို့ပေါ်ရပ်ကွက်(၄)ခုနှင့် ဆက်စပ်ကျေးရွာများအား လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူမြို့တို့၏ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကံပေါက်ဒေသတွင် ၂၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ဓာတ်အားပေးစက်များမောင်းနှင်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂သန်းခန့်ကို ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ထားဝယ်-လောင်းလုံး-ဇလွတ် ဓာတ်အားလိုင်း၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လောင်းလုံးဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဇလွတ်ဓာတ်အားခွဲရုံတို့အား တည်ဆောက်၍ ကံပေါက်သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံမှဓာတ်အားဖြင့် ဓာတ်အားပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ၃၀-၉-၂၀၂၅ ရက်တွင် လောင်းလုံးမြို့ပေါ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအတွင်းသို့ အကြမ်းဖက်အဖွဲ့မှဝင်ရောက်၍ ပစ်ခတ်ဖျက်ဆီးမှုများကြောင့် Main Transformer နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီး၍ ဓာတ်အားပြတ်တောက်ခဲ့ရပါကြောင်း။

လက်ရှိနယ်မြေအခြေအနေအရ ပျက်စီးသွားသည့် ထရန်စဖော်မာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများအား ပြန်လည်ပြုပြင်နိုင်ခြင်းမရှိသေးပါကြောင်း၊ ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့်ရန်ပုံငွေအား တနင်္သာရီတိုင်းဒေသကြီး အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် နယ်မြေအခြေအနေနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပြန်လည်စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းရောက်ရှိအောင်မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တမူးခရိုင် တမူးမြို့နယ်အတွင်းသို့ မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်နိုင်ရန် ၂၃၀ ကေဗွီကလေးဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီကလေး-တမူးဓာတ်အားလိုင်း မိုင် ၉၀ တည်ဆောက်၍ ၂၃၀ ကေဗွီ တမူးပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ရမည်ဖြစ်ပြီး အဆိုပါ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသည် ခမ်းပတ်မြို့အနီးမှ ဖြတ်သန်းသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားပေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး(မြောက်ပိုင်း)သို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်းမိုင်၉၀ နှင့်ဓာတ်အားခွဲရုံစီမံကိန်းနှင့် တမူးမြို့မှ ၄ မိုင်ခန့်အကွာ တမူး-ကလေး ကားလမ်းမကြီး အရှေ့ဘက်ဘေး၊ တမူးမြို့ အင်ဒိုင်းကျေးရွာအုပ်စု ကွင်းအမှတ် OSS ကွင်းပြင်အတွင်းရှိ ဧက ၁၀၀ အကျယ်အဝန်းရှိမြေတွင် ၂၃၀/၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရန်လျာထားခဲ့ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ပင်မဓာတ်အားခွဲရုံ (မြေယာလျော်ကြေး ပေးအပ်နိုင်ရေးနှင့် ခြံစည်းရိုးကာရံခြင်း) လုပ်ငန်းများအတွက် တင်ဒါခေါ်ယူစိစစ်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှလည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြားသဘောတူညီမှုဖြင့် ၂၃၀/၆၆ ကေဗွီတမူးပင်မဓာတ်အားခွဲရုံမှ တမူးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄ မိုင်နှင့် တမူးမြို့ ဇောခိကုန်းရပ်၊ မြို့မရပ်ကွက်၊ အကွက်အမှတ် ၆၃ တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထပ်ဆင့်ဓာတ်အားခွဲရုံတည်ဆောက်၍ တမူးမြို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်လျာထားခဲ့သော်လည်း နယ်မြေဒေသအခြေအနေအရ လျာထားစီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်းနှင့် နယ်မြေဒေသအခြေအနေကောင်းမွန်လာပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စုသို့ ဓာတ်အားခွဲရုံတစ်ရုံနှင့် (11 KV) အစိုးရလျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းပေးရန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က နောင်ချိုမြို့နယ်ရှိ ကံကြီးကျေးရွာသို့ ၃၃/၁၁ ကေဗွီ ရွှေညောင် ပင်မဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ နောင်ချိုမြို့တွင်း ဖီဒါမှ တစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးထားပြီး ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ကံကြီးကျေးရွာအထိ ၂ မိုင်ခန့် ရှည်လျားပါကြောင်း၊ ကံကြီးကျေးရွာမှ တောင်ရှည်ကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင်ခန့် ထပ်မံဆွဲရမည်ဖြစ်သဖြင့် စုစုပေါင်း ၁၁ ကေဗွီဓာတ်အားလိုင်းမှာ ၁၄ မိုင်ခန့် ရှိမည်ဖြစ်သည့်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့်ဓာတ်အား ဖြန့်ဖြူးပေးရန် နည်းပညာအရ သင့်လျော်မှုမရှိသည့်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နောင်ချိုမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော တောင်ရှည်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရန် ၃၃ ကေဗွီ ရေလင့်ဓာတ်အားခွဲရုံမှ တောင်ရှည်ကျေးရွာထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် တောင်ရှည်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပြည်ထောင်စုရန်ပုံငွေဖြင့် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့ပေါ်ရှိ ရပ်ကွက် (၇)ခုနှင့် တပ်နယ်လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအား နေ့စဉ်လျှပ်စစ်မီး ၃ နာရီ ပုံမှန်ရရှိရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တနိုင်းမြို့အား ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးဖြင့် လစဉ်ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်နှင့် ထပ်မံလိုအပ်သည့်စက်သုံးဆီအား မြို့မီးလင်းရေးကော်မတီ၏ထောက်ပံ့မှုဖြင့် ဓာတ်အားသုံးစွဲသူ ၂၄၆ ဦးအား တစ်ရက်လျှင် ၃ နာရီဖြင့် နေ့စဉ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဒီဇယ်စက်သုံးဆီ ဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်း၊ ဒေသတွင် ဝယ်ယူရန်ခက်ခဲလာခြင်း၊ ဓာတ်အားခများ တိုးမြှင့်ကောက်ခံသော်လည်း စက်သုံးဆီထောက်ပံ့ရန် အဆင်မပြေခြင်းတို့ကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့မီးလင်းရေးကော်မတီများပါဝင်သောအစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၅ ခုနှစ် မေလတွင်မြို့မီးလင်းရေးကော်မတီအား ဖျက်သိမ်းခဲ့ပြီး ဌာနဒီဇယ်ဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့်သာ မောင်းနှင်ဓာတ်အားပေးခဲ့ရပါကြောင်း။

ထို့ပြင် ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးရှိသည့်အနက် နှစ်လုံးမှာ စက်မောင်းသက်တမ်းကြာမြင့်လာခြင်းကြောင့်ချွတ်ယွင်းခဲ့ပြီး မီးစက်ကုမ္ပဏီများမှ ကျွမ်းကျင်သူများကလည်း နယ်မြေအခြေအနေကြောင့် သွားရောက်ပြုပြင်နိုင်မှုမရှိသဖြင့် ကျန်ရှိသည့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်တစ်လုံးဖြင့်သာ ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့်မောင်းနှင်၍ အုပ်စု သုံးစုခွဲကာ အုပ်စုတစ်ခုလျှင် ၁ နာရီ ၁၅ မိနစ်ခန့် အလှည့်ကျဓာတ်အားဖြန့်ဖြူးပေးခဲ့ရပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့ပေါ်ရပ်ကွက်များ နေ့စဉ် လျှပ်စစ်မီး ၃ နာရီရရှိရေးအတွက် နယ်မြေအခြေအနေကောင်းမွန်ချိန်တွင် ကျွမ်းကျင်ပညာရှင်များအား စေလွှတ်ပြီး ချွတ်ယွင်းလျက်ရှိသည့်၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးအား ပြန်လည်ပြုပြင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး ဖျက်သိမ်းခဲ့သော တနိုင်းမြို့မီးလင်းရေးကော်မတီအား ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့ရှောင်လမ်းစီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်ရန် လမ်းကြောင်းအရှည်မှာ ၁၄ မိုင် ၂ ဖာလုံခန့်ရှိပါကြောင်း၊ မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်မည်ဆိုပါက လမ်းနယ်အကျယ် သတ်မှတ်ချက်မှာ ပေ ၁၅၀ ဖြစ်ပါသဖြင့် လမ်းနယ်ဧရိယာမှာ ၂၅၉ ဧကခန့်ရှိမည်ဖြစ်ပြီး ယာမြေ ၂၂၅ ဧကနှင့်

စာမျက်နှာ ၈ သို့

➧ စာမျက်နှာ ၇ မှ

လယ်မြေ ၃၄ ဧကဖြစ်ပါကြောင်း၊ လမ်းနယ်သတ်မှတ် သိမ်းသွင်းနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြေယာသိမ်းဆည်းခြင်းနှင့် မြေယာလျော်ကြေးများ ပေးချေခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေးတည်ဆောက်ရမည့် လမ်း၊ တံတားလုပ်ငန်းများအတွက် ဒီဇိုင်းတိုင်းတာပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်းအသစ်ဆောင်ရွက်ရန် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိုးနဲမြို့တွင်း လမ်းပိုင်း ၁ မိုင် ၄ ဖာလုံအား ကွင်းရှောင်နိုင်ရန် မြို့ရှောင်လမ်းအား ၁၄ မိုင် ၂ ဖာလုံ ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ လယ်ယာမြေ ၂၅၉ ဧကအတွက် လယ်ယာမြေလျော်ကြေးများ ပေးချေရမည်ဖြစ်ခြင်း အစရှိသည့် မြို့ရှောင်လမ်းဖောက်လုပ်မည်ဆိုပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့်ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့် ကုန်ကျစရိတ်များ စသည့်အချက်အလက်များအား တွက်ချက်စဉ်းစားသုံးသပ်ပြီးမှသာလျှင် ဆောင်ရွက်ရမည်ဖြစ်ခြင်းနှင့် လက်ရှိအခြေအနေအရ ယာဉ်သွားလာမှုအတွက် ကောင်းစွာလုံလောက်မှုရှိခြင်းတို့ကြောင့် လတ်တလောတွင် မိုးနဲမြို့ရှောင်လမ်းဖောက်လုပ်ရန်အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှဦးကျော်သူရ၏ **လက်ပံတန်း – သာရဝေါသွား မဟာဗျူဟာလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း သို့မဟုတ် အကြီးစားပြင်/ထိန်း ပြုလုပ်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ပံတန်း– သာရဝေါသွား မဟာဗျူဟာလမ်းသည်လက်ပံတန်းမြို့နှင့် ဧရာဝတီမြစ်ကမ်းပါးရှိ ကျုံလဟာကျေးရွာသို့ ဆက်သွယ်ထားသည့် ၂၀ မိုင် ၂ ဖာလုံအရှည်ရှိသော လက်ပံတန်း–ကျုံလဟာလမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၄ မိုင် ၁ ဖာလုံနှင့် ကျောက်ခင်းလမ်း ၄ မိုင် ၃ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ၊ လမ်းအောက်ခံမြေပြုပြင်၍ ၃–အခြေခံလွှာခင်းခြင်း ၄ ဖာလုံလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်နေသောနေရာများအား သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ပျက်စီးနေသော လမ်းပိုင်း ၁ မိုင်အား ကျောက်ခင်းလမ်းခင်းနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင်လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းအား နှစ်အလိုက် အဆင့်ဆင့်တိုးမြှင့်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှဦးရန်ကျော်၏ **မက်မန်းမြို့နယ်၌ ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် ကွန်ကရစ်လမ်း ၃ မိုင်မှ ၅ မိုင်ခန့် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုင်းပျဉ်း–မက်မန်းလမ်းသည် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်မှ မက်မန်းခရိုင် မက်မန်းမြို့နယ်အထိ ၆၇ မိုင် ၆ ဖာလုံအရှည်ရှိသော မိုင်းပျဉ်း–မက်မန်းလမ်း၏ လမ်းပိုင်းတွင် ပါဝင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ်အပိုင်းသည် ၄၆ မိုင် ၇ ဖာလုံအရှည်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၂၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၆ ဖာလုံနှင့် အမာခံလမ်း ၁၄ မိုင် ရှိပါကြောင်း။

မိုင်းပျဉ်း–မက်မန်းလမ်း၏မက်မန်းခရိုင် မက်မန်းမြို့နယ်အပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ၂ ဖာလုံ၊ ကျောက်လမ်းနှင့် အမာခံလမ်းပိုင်းများတွင် ခွဲကျောက်ဖြင့်လမ်းမျက်နှာပြင်ပြုပြင်ခြင်း ၂ မိုင် ၄ ဖာလုံလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေး – ကြိမ်ချောင်းကြီးလမ်းပိုင်းနှင့် ကြိမ်ချောင်းကြီး–ကဒုံကနီလမ်းပိုင်းတို့အား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်ကဘိုကလေး–ကြိမ်ချောင်း–ကဒုံကနီလမ်းသည် ၂၀၀၈ ခုနှစ် နာဂစ်ကာလအပြီး ဖောက်လုပ်ခဲ့သော နာဂစ်လမ်းကွန်ရက် ၁၁ လမ်းအနက်မှ အမှတ် ၅ လမ်းဖြစ်ပြီး လမ်းအရှည် ၄၂ မိုင်ရှိသည့် ပြည်ထောင်စုအစိုးရမှစီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေအကျယ်၊ ကတ္တရာလမ်း ၂ ဖာလုံ ၁၂ ပေအကျယ်၊ ကတ္တရာလမ်း ၁၅ မိုင် ၁၆ ပေအကျယ်၊ အမာခံလမ်း ၂၆ မိုင် ၆ ဖာလုံဖြစ်ပြီး ကောင်းမွန်သောအပိုင်း ၆ ဖာလုံ၊ အသင့်အတင့်ကောင်းမွန်သောအပိုင်း ၆ မိုင် ၄ ဖာလုံနှင့် ပျက်စီးမှုများပြားသောအပိုင်း ၃၄ မိုင် ၆ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၄ ဖာလုံနှင့် ပျက်စီးနေသော အမာခံလမ်းအား ပြုပြင်ခြင်း ၁ မိုင် ၁ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာလမ်းပေါက်နှင့် ကျောက်လမ်းပေါက်များ ပြုပြင်ခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် အမာခံလမ်းမှ ကတ္တရာလမ်းသစ်ခင်းခြင်း ၂ မိုင် လျာထားသွားမည်ဖြစ်ပြီး နှစ်လတ်မူဘောင် ၃ နှစ်စီမံကိန်းတွင်လည်း အမာခံလမ်းမှ ကတ္တရာလမ်းခင်းခြင်း ၆ မိုင် ၂ ဖာလုံဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ် ဂဲကြီးကုန်း၊ ယင်းကွေ့ချောင်းနှင့် လက်ပံတိုကျေးရွာတို့၏ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မကွေး–တောင်တွင်းကြီးလမ်းမှဂဲကြီးကုန်း–ယင်းကွေ့ချောင်း–လက်ပံတိုလမ်းသည် ရန်ကုန်–ပြည်–မန္တလေးလမ်းမှ ခွဲထွက်ပြီး ဂဲကြီးကုန်းကျေးရွာ၊ လက်ပံတိုကျေးရွာ၊ယင်းကွေ့ချောင်းကျေးရွာတို့အား ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၇ ဖာလုံရှိသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏အခြေအနေမှာ အမာခံလမ်း ၉ မိုင် ၇ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် လမ်းအရှည် ၁ မိုင် ၄ ဖာလုံကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသော အမာခံလမ်းပိုင်းကိုလည်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတွင်နှစ်အလိုက် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး–ဂန့်ဂေါလမ်းရှိ ကမ္ဘားနီသံကူကွန်ကရစ်တံတား ဆောက်လက်စအား ရပ်နားထားခဲ့သဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ–ကလေးလမ်း မိုင်တိုင် ၅၁ မိုင် ၄ ဖာလုံနှင့် ၅၁ မိုင် ၆ ဖာလုံ အကြားရှိ ကမ္ဘားနီတံတားအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁–၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် လုပ်ငန်းရပ်ဆိုင်းခဲ့ပါကြောင်း၊ ကမ္ဘားနီတံတားအသစ်၏ လုပ်ငန်းရပ်နားသည့်အချိန်တွင် တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

တံတားတည်ဆောက်ခြင်းလုပ်ငန်း၏ အောက်ခြေအုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ တံတားအပေါ်ထည်လုပ်ငန်းဖြစ်သည့်ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မငါးလုံး ထုတ်လုပ်ပြီးစီးပြီး ပေ ၃၀ သံကူကွန်ကရစ်ကြမ်းခင်း တစ်ခန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ကမ္ဘားနီတံတား ကျန်ရှိသောတည်ဆောက်ရေး လုပ်ငန်းများအား လတ်တလောပြန်လည်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက်အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် **“တိုင်းဒေသကြီးလွှတ်တော်** သို့မဟုတ် **ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း”** တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာလ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# စီးပွားဖွံ့ဖြိုး ပြည့်အကျိုး

❖ တို့ပြေ(ပြည်) တို့မြေ၊ ဌာနေဖွံ့ဖြိုး
စီးပွားတိုးရန်၊ ရည်သန်ကြိုးကုတ်
အလုပ်လုပ်၍၊ ကုန်ထုတ်စွမ်းအား
ပိုမြင့်မားအောင် စွမ်းဆောင်စို့။

❖ နိုင်ငံ့စီးပွား၊ ကြီးထွားပေါင်းရုံး
စည်းစည်းလုံးနဲ့၊ အားလုံးပါဝင်
တာဝန်လည်းကျေ၊ ငြိမ်းချမ်းစေမှ
မြန်ပြည်တစ်ဝန်း ရွှင်လန်းမည်။

❖ အသိအတတ်၊ ရပ်ရပ်ပညာ
စုံလင်ပါမှ၊ ကာယ ဉာဏ
ဝီရိယအား၊ ကြီးပွားစေရာ
နည်းပညာမြှင့်၊ ထုတ်ကုန်တင့်မည်။

❖ စည်းကမ်းရှိရှိ၊ နည်းလမ်းသိ၍
အဂတိကင်း၊ ရိုးဖြောင့်ခြင်းဂုဏ်
ပြည့်စုံမှန်ကန်၊ စုန်ဆန်ဖောက်ကား
ကုန်သွယ်လားရာ...
လမ်းတွေသာဖို့ ရှက်ဆောင်စို့။

❖ သူသူငါငါ၊ ဆိုင်ရာလုပ်ငန်း
ကြိုးပမ်း လက်တွေ့၊ စွမ်းအားပြည့်သော
“အပြောမဟုတ်၊ အလုပ်သက်သေ”
ပန်းတွေဝေဆာ၊ လန်းစေကာကြွား
စီးပွားဖွံ့ဖြိုး၊ ပြည့်အကျိုးကို
မျှော်ကိုးယုံကြည် တည်ဆောက်မည်။
တို့လုပ်အားနဲ့ သက်သေတည်။
အပြောမဟုတ် အလုပ်လုပ်မည်။ ။

**အကျော်ပင်**

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေကိုလျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၁

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးသောင်းရွှေ၏ **ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာတွင် တိမ်ကောနေသော ကန်ဦးရေကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကန်ဦးရေကန်သည် ဘုရားငါးဆူကျေးရွာ နယ်နိမိတ်အတွင်းတည်ရှိပြီး ကျေးရွာသောက်သုံးရေကန် မဟုတ်ဘဲ ကြွယ်လုလင်လေးကျေးရွာနှင့် ပင်ကတောကျေးရွာတို့၏လယ်မြေများအတွက် စိုက်ပျိုးရေရယူအသုံးပြုသည့် ရေကန်ဖြစ်ပါကြောင်း၊ လယ်မြေဧက ၁၂၀ ခန့်အတွက်အကျိုးပြုပြီး ရေနေရေိယာ ၂ ဒသမ ၃၆ ဧကခန့်နှင့် ရေနေအနက် ပျမ်းမျှပေ ၂၀ ခန့်ဖြစ်ပြီး ချုံနွယ်များ ပိတ်ဆို့နေပါကြောင်း။

အဆိုပါရေကန်ကြောင့် စိုက်ပျိုးရေအပြင် မြေအောက်ရေအောင်းလွှာကို အထောက်အကူဖြစ်စေပြီး အနီးကျေးရွာများမှ တွင်းတိမ်များ၊ လက်တူးတွင်းများမှာ နွေရာသီရေပြတ်လပ်ခြင်းမရှိနိုင်ပါသဖြင့် ဒေသခံများအနေဖြင့် နှစ်စဉ်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်သင့်ပါကြောင်း၊ ရေကန်ဧရိယာအတွင်းရှိနေသည့် ချုံနွယ်နှင့် အမှိုက်သရိုက်များ ဖယ်ရှားနိုင်ရေးအတွက် ကျေးရွာလူထုသို့ အသိပညာပေးဆွေးနွေးကာ ရှင်းလင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေကန်အား ပြုပြင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်သန်း ၂၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် နန်းခုံကျေးရွာအုပ်စုမှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ကျွဲဒပ်ကျေးရွာ ကျောက်ချုပ်ကျေးရွာအုပ်စုအထိ ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့စေပြီး အများပြည်သူအကျိုးရှိစေမည့် အကွာအဝေး (၁၃)မိုင်(၂)ဖာလုံခန့်ရှိသော ကုန်စည်ပို့ဆောင်ရေးလမ်းမကြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်သို့ ဆက်သွယ်သော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် လမ်းပိုင်းနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပိုင်း (၂)ခု ပါဝင်ပါကြောင်း။

ရွာငံမြို့နယ် ပဲရင်းတောင် - နန်းခုံမြေသားလမ်း (၁) မိုင်၊ (၄) ဖာလုံအပိုင်းမှ ပျက်စီးလျက်ရှိသော (၄)ဖာလုံအား သွားလာမှုအဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ သာစည်မြို့နယ်အပိုင်းမှ ပျက်စီးလျက်ရှိသော မြေသားလမ်း (၅) မိုင် (၅) ဖာလုံသည် ပျမ်းမျှအကျယ် (၈)ပေခန့်သာရှိသော လမ်းဖြစ်ပါကြောင်း၊ နယ်မြေကွင်းဆင်းဆောင်ရွက်ပြီးမှသာ တိုင်းဒေသကြီး ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သာစည်မြို့နယ်လမ်းပိုင်းဖြစ်သည့် လည်ခေါင်း - ကြပ်စခန်းလမ်းပိုင်း (၃) မိုင် (၁) ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းဖြစ်ပါကြောင်း၊ မိတ္ထီလာ - သာစည် - တောင်ကြီးလမ်းနှင့် ကျေးရွာများသို့ တိုက်ရိုက်ချိတ်ဆက်သောလမ်းဖြစ်ပါကြောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းပိုင်းမှ (၂) ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ်ရှိ လက်ခုတ်ပင်၊ ပင်လယ်သက်၊ စကာ၊ ခံကုန်း၊ ပန်းလွှား၊ တောပုတ်ကုန်း၊ ဘုမ္မနိုးကျေးရွာတို့ရှိ လမ်းအရှည် (၈၀၆၂) ပေရှိပြီး အကျယ်(၁၂)ပေရှိသော ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ခုတ်ပင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန်အတွက် လက်ရှိလမ်းအကျယ်၁၂ပေခန့်သာရှိပါကြောင်း၊ လိုအပ်သော လမ်းအကျယ်ပေ ၃၀ ပြည့်မီစေရန်အတွက် မြေနေရာရရှိရေးကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ဂျိုးဇာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရရှိသည့်အချိန်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများအား ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနေရာလှူဒါန်းမှု မရရှိသေးခြင်း၊ နယ်မြေကွင်းဆင်းစစ်ဆေးနိုင်မှု မရှိသေးခြင်းတို့ကြောင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်း ဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားအစား နှစ်ဖက်မော်တော်ယာဉ် သွားလာနိုင်သော အဆင့်မြင့် ချောင်းကူးတံတား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက် ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class-A အဆင့်လမ်းပေါ်တွင် တည်ရှိသည့် ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားဖြစ်ပါကြောင်း၊ အရှည် (၂၀၈ ပေ)၊ အကျယ် (၇ ပေ)၊ အမြင့် (၁၈ ပေ) ရှိသော ကွန်ကရစ်တိုင် သံပေါင်ရက်မ C Channel ကြမ်းခင်းတံတားဖြစ်ပါကြောင်း။

လှည်းကူး - ဖောင်ကြီးလမ်းမဆီသို့ ဖောင်ကြီးအရှေ့ကျေးရွာ ကွန်ကရစ်လမ်းနှင့် ငမိုးရိပ်ဆည်သို့ သွားသော ကတ္တရာလမ်းမှလည်းကောင်း၊ ဖောင်ကြီးအနောက် ကျေးရွာဈေးအဝင် ကွန်ကရစ်လမ်းမှလည်းကောင်း အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း၊ လက်ရှိအချိန်တွင် လူကူးတံတားမှာ ကောင်းမွန်ခိုင်ခံ့နေပြီး ဆက်သွယ်ရေးပြတ်တောက်မှု မရှိသေးသဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် ဦးစားပေး အစီအစဉ်တွင် မပါဝင်သေးပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်း ဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းပေါ်တွင်တည်ရှိသည့် အရှည်ပေ(၁၂၀)၊ အကျယ်(၁၄)ပေရှိ ယိုယွင်းပျက်စီးနေသော သစ်သားကြမ်းခင်းတံတားအစား ကြံ့ခိုင်မှုရှိသော သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းသည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class (B) အဆင့်လမ်းဖြစ်ပါကြောင်း။

ကွင်းဆင်းစစ်ဆေးချက်အရ အရှည်ပေ (၁၂၀)ရှိသော သစ်သားကြမ်းခင်းတံတားဖြစ်ပါကြောင်း၊ ၂၀၀၄ ခုနှစ်တွင် INGO အဖွဲ့ဖြစ်သည့် World Vision မှ ကျေးရွာနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားကြမ်းခင်းတံတားအား ကျေးရွာမှ (၅)ကြိမ်ခန့် ပြင်ဆင်ထိန်းသိမ်းထားသဖြင့် ယခုအချိန်တွင်သွားလာ၍ အဆင်ပြေလျက်ရှိသော်လည်း ခိုင်ခံ့မှု၊ စိတ်ချရမှု အားနည်းနေကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်း ဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အလျားပေ(၂၀၀)ရှိ "ထန်းတပင်ကြိုးတံတား" အား ပိုမိုကြံ့ခိုင်ကျယ်ဝန်းပြီး ဘေးအန္တရာယ်ကင်းရှင်းသော ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ထန်းတပင်ကျေးရွာနှင့်ချောင်းတွင်းကျေးရွာအကြား အင်းချောင်းအားဖြတ်၍ တည်ဆောက်ထားသော တံတားဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်ခန့်က ဆောင်ရွက်ခဲ့သော ကြိုးတံတားဖြစ်ပြီး ဒေသနှင့်ကိုက်ညီသော တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကြိုတင်လေ့လာမှု ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောသွားလာမှု အဆင်ပြေစေရန်အတွက်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကျိုးပြုကျေးရွာ စိုက်ဧကတို့အရ လိုအပ်လျက်ရှိသဖြင့် ဘေလီတံတားတည်ဆောက်ရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးခိုင်ဝင်းအောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်

**စာမျက်နှာ ၁၀ သို့**

▶▶ စာမျက်နှာ ၉ မှ

ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာလ ၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၁

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို အတွေ့အကြုံနှင့်ဗဟုသုတကြွယ်ဝမှု မိသားစုနှင့် နိုင်ငံတော်အတွက် တာဝန်ကျေပွန်ခဲ့မှု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ပါဝင်ဆောင်ရွက်ပေးနေမှုများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုသည့်အခမ်းအနားတစ်ရပ်ဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဦးစီးဌာနနှင့်ကျင်းပရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပြောကြားသည်။




ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့၏ဆောင်ပုဒ်မှာ “The Age of Longevity: Rethinking Systems for Longer Lives” “သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်” ဖြစ်ပါကြောင်း၊ ဒီဆောင်ပုဒ်မှာ လူ့သက်တမ်း ပိုမိုရှည်ကြာစွာ နေထိုင်လာနိုင်ခြင်းကို အောင်မြင်မှုတစ်ရပ်အဖြစ် အသိအမှတ်ပြုရုံသာမက အသက်ရှည်လာခြင်းနှင့်အတူ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုစောင့်ရှောက်မှုစနစ်များကိုလည်း ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အလေးထားဖော်ပြထားတာကိုတွေ့ရှိရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်မှာ ကလေးသူငယ်များ၊ လူငယ်များနှင့် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အပိုင်းအခြားရှိသူများသည်အနာဂတ်ကာလမှာ သက်ကြီးပုဂ္ဂိုလ်များဘဝသို့ရောက်ရှိလာကြမည်ဖြစ်သောကြောင့် အနာဂတ်မှာကြုံတွေ့ရမည့် သက်ကြီးပုဂ္ဂိုလ်ဘဝအတွက်ကြိုတင်ပြင်ဆင်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်များ၏ အသက်အရွယ်နှင့်အညီ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေး၊ သက်ရှည်ကျန်းမာသော သက်ကြီးသူများဘဝရရှိရေး၊ သက်ကြီးများ တစ်ဦးတည်းနေထိုင်ရမှုကြောင့် အထီးကျန်ဆန်မှုမဖြစ်ရလေအောင် သက်ကြီးပုဂ္ဂိုလ်များကို လူမှုအဖွဲ့အစည်းအတွက် တက်ကြွစွာ ပါဝင်ပံ့ပိုးနိုင်သူများအဖြစ် အသိအမှတ်ပြုဆောင်ရွက်ပေးနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသခြင်း၊ အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများကို ဆေးဝါးပစ္စည်းများနှင့် ဂုဏ်ပြုငွေများပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (နေပြည်တော်)မှ ဘိုးဘွားများက စွမ်းဆောင်ရည်ပြသဖျော်ဖြေခြင်းနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၎င်းတို့ထုတ်လုပ်ထားသည့် ဒေသထွက်ကုန်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းနှင့် ဇနီးနှင့်အတူ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့်ကျောင်းသား၊ကျောင်းသူလူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့်အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ(စိုးစံ) ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကိုလေ့လာခဲ့ကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။



ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကိုပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက်ပြတိုက်အတွင်းရှိတပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည်ကျောင်းသား၊ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊



ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့်ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

“အခုလို ဒီတပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ကလေးတွေကပေါ့နော် ခေတ်သမိုင်းအဆက်ဆက်ကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ပြီးလို့ရှိရင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နဲ့ပတ်သက်ပြီးတော့ အသိပညာဗဟုသုတတွေအများကြီးကိုလည်း သူတို့လေ့လာခွင့်ရခဲ့ပါတယ်၊



ဒီတပ်မတော်စစ်သမိုင်းပြတိုက်မှာ လိုအပ်တာတွေကို လာပြီးတော့ ရှင်းပြပေးတဲ့ လူကြီးများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ နောက်ထပ်ဖြည့်စွက်ပြောချင်တာကတော့ ဒီလိုနိုင်ငံတော်ကနေပြီးတော့ အဘက်ဘက်ကနေ ကျောင်းသား၊ ကျောင်းသူတွေ တိုးတက်ဖို့အတွက်ရောအစစအရာရာ တပ်မတော်နဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေ၊ ကြည်း၊ ရေ၊ လေနဲ့ ပတ်သက်တဲ့ ဆောင်ရွက်မှုတွေ အကုန်လုံးကို လေ့လာခွင့်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်” ဟုပြောသည်။

“ကျွန်တော်ဒီမှာ ဘာတွေလေ့လာခဲ့ရတာလဲဆိုတော့ ဒီစစ်သမိုင်းပြတိုက်မှာပေါ့နော် စစရောက်ချင်း ဂိတ်ပေါက်ကဝင်တာနဲ့ ပြင်ပပြကွက်မှာ ပြသထားတဲ့ သင်္ဘောကြီး၊ အမြောက်တွေ အစရှိသဖြင့် နောက်ပြီးတော့ ဆက်သွားတဲ့နေရာမှာလည်း ကြည်းတပ်၊ ရေတပ်၊ လေတပ်ရဲ့ပြခန်းတွေမှာ ယာဉ်ယန္တရားတွေ၊ စစ်လက်နက်ပစ္စည်းတွေလည်း အများကြီးတွေ့ခဲ့ရပြီးတော့ သူတို့ရဲ့အကြောင်းကိုလည်း အသေးစိတ်လေ့လာခဲ့ရပါတယ်ဗျ။ နောက်ပြီးတော့ ဒီလိုမျိုးစစ်သမိုင်းပြတိုက်မှာ သမိုင်းအကြောင်းတွေ ပြီးရင် စစ်ပစ္စည်းအကြောင်းတွေ အစရှိသဖြင့် အသေးစိတ်ရှင်းပြသွားတဲ့ စစ်သမိုင်းပြတိုက်မှာ တာဝန်ထမ်းဆောင်သူများကိုလည်း ကျေးဇူးတင်ပါတယ်” ဟုပြောသည်။

(၁၀၀)





အဖွဲ့ခေါင်းဆောင်ဦးဆောင်သောအဖွဲ့မှ မလေးရှားနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများအား လက်ခံကြိုဆိုကြစဉ်။



နေရပ်ပြန်ခရီးသည်များရေယာဉ်ပေါ်သို့တက်ရောက်စဉ်။



စစ်ရေယာဉ်(မုတ္တမ)၌ Walk Through Check Gate အသုံးပြုပြီး နေရပ်ပြန်ခရီးသည်များအား Body Check ပြုလုပ်စဉ်။



စစ်ရေယာဉ်(မုတ္တမ)၌ Walk Through Check Gate အသုံးပြုပြီး နေရပ်ပြန်ခရီးသည်များအား Body Check ပြုလုပ်စဉ်။



နေရပ်ပြန်ခရီးသည်များအား အထပ်လိုက်နေရာချထားပေးစဉ်။

❖ **ရှေ့ဖုံးမှအဆက်**

လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသော မြန်မာနိုင်ငံသား ၁၄၇၆ ဦးအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး(ကြည်း၊ ရေ၊ လေ)တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီးနောက်၊ စစ်ရေယာဉ်များသည် စက်တင်ဘာလ ၂၉ ရက်နေ့ ညပိုင်းတွင် မလေးရှားနိုင်ငံ၊ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာမှုအား သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် နှစ်သက်ရာ Game များ ကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ရေယာဉ်များသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ရေပြင်ပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်တွင် အမိနိုင်ငံရေမြေနှင့် ကာလအတန်ကြာဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်အကြီးအကဲနှင့် တပ်မတော်အကြီးအကဲများက မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် သဘော်ပေါ်တွင်လိုက်ပါလာသော **စာမျက်နှာ ၁၂ သို့** ❖



နေရပ်ပြန်ခရီးသည်များအား အထပ်လိုက်နေရာချထားပေးစဉ်။



နေရပ်ပြန်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးစဉ်။





နေရပ်ပြန်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးစဉ်။



နေရပ်ပြန်ခရီးသည်များအား ရုပ်ရှင်ပြသစဉ်။



နေရပ်ပြန်ခရီးသည်များ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းဆောင်ရွက်စဉ်။



နေရပ်ပြန်ခရီးသည်များ အပျော်တမ်းဂိမ်းကစားစဉ်။

❖ **စာမျက်နှာ ၁၁ မှ**

ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသားများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို ဖော်ထုတ်ပြသခဲ့ကြကြောင်း၊ ခေါ်ယူရေးစီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသောမေတ္တာတရားနှင့်စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိသော တာဝန်ရှိသူများအားလုံးကိုအထူးကျေးဇူးတင်လျက်ရှိကြကြောင်းလည်း သိရှိရပါသည်။

အဆိုပါ စစ်ရေယာဉ်များသည် မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးအတွက် ဆိပ်ကမ်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် မိသားစုဝင်များက အသင့်စောင့်ကြို၍ နေရပ်အသီးသီးသို့ပြန်လည်ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း၊ မိမိနိုင်ငံအတွင်း၌ပင် မိသားစုများနှင့်အေးချမ်းစွာနေထိုင်နိုင်ရေးနှင့်လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ဟိုမှာ အလုပ်သွားလုပ်တာပါ။ ကြာပါပြီ ၁၉၉၉ ခုနှစ်ကတည်းက ရောက်တာပါ။ **စာမျက်နှာ ၁၃ သို့** ❖

# ကျန်းမာရေးအတွက် ရေနွေးဖြူတစ်ခွက်၏အကျိုးကျေးဇူးများ



ကျိုချက်ထားသော (မပူလွန်းသော) ရေနွေးသည် ဆီးကိုရှင်စေခြင်း၊ ဝမ်းမီးကိုတောက်စေခြင်း၊ အစာကိုကြေစေခြင်း၊ လည်ချောင်း၌ရှိသော အပြစ်ဒေါသတို့ကို သန့်ရှင်းစေခြင်း၊ ပေါ့ပါးသွက်လက်စေခြင်း၊ ဆီးအိမ်ရှိအညစ်အကြေးများကိုဆေးကြောသုတ်သင်စေခြင်း သတ္တိရှိသည်ဟု မြန်မာ့ဆေးကျမ်းတွင် ဖော်ပြထားသည်။

**ရေနွေးဖြူနှင့် ဘက်စုံကျန်းမာရေး**

ဆူပွက်အောင် ကျိုချက်ထားသော ရေနွေး သို့မဟုတ် ရေနွေးဖြူက လူသားတို့ကျန်းမာရေးအတွက် ဆေးဖက်ဝင်ရုံသာမက အသားအရေနှင့် ဆံပင်အတွက်ပါ ဘက်စုံကောင်းကျိုးပြုပုံကို နိုင်ငံတကာကျန်းမာရေးသုတေသီများက အောက်ပါအတိုင်း လေ့လာတွေ့ရှိထားကြသည်။

**အဆိပ်အတောက်ပြေစေခြင်း**

ရေနွေးသောက်လိုက်သည့်အခါ ခန္ဓာကိုယ်အပူချိန်မြင့်တက်လာပြီး ကိုယ်တွင်းမှ အဆိပ်အတောက်များက ချွေးစေးအဖြစ် ထွက်ရှိလာသည်။ နံနက်စောစောတစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် ရေနွေးဖြူသောက်ပြီး အဆိပ်အတောက်များကို ထုတ်ပေးသင့်ပါသည်။ ရေနွေးဖြူ၏အာနိသင်က အရေပြားလုပ်ငန်း၊ ကျောက်ကပ်လုပ်ငန်းများကောင်းမွန်စေပြီး အဆိပ်အတောက်ဖယ်ရှားခြင်းကို အကျိုးသက်ရောက်စေသည်။ ရေနွေးဆူဆူထဲကို သံပရာရည်ညှစ်၍ ပျားရည်အနည်းငယ် ထည့်သောက်ပေးခြင်းက ပိုမိုထိရောက်စေသည်။

**အူများကောင်းစွာအလုပ်လုပ်ခြင်း**

မကြာခဏ ဝမ်းချုပ်တတ်သူများက အစာမစားမီ ရေနွေးပူပူတစ်ခွက်သောက်ပေးခြင်းဖြင့် အစာအိမ်နှင့် အူသိမ်၊ အူမများကို ထိုရေနွေးပူက လှုံ့ဆော်ပေးလိုက်သောကြောင့် အူလမ်းကြောင်းပိတ်ဆို့မှု မရှိစေတော့ဘဲ သက်သက်သာသာဝမ်းသွားစေနိုင်သည်။ သံပရိုသီးရေနွေးကို နံနက်ပိုင်းသောက်ပေးခြင်းကလည်း အူသိမ်၊ အူမများ လှုပ်ရှားမှုကောင်းမွန်စေသည်။

**အစာကြေညက်လွယ်ခြင်း**

ထမင်းစားနေစဉ်နှင့် စားသောက်ပြီးနောက် ရေနွေးပူပူသောက်ပေးခြင်းက အစာကြေညက်လွယ်သည့်အပြင် အူကင်ဆာဖြစ်ခြင်းကို ကာကွယ်ပေးနိုင်သည်။ ယင်းပြင် အင်ဇိုင်းထုတ်လုပ်မှုကောင်းမွန်စေပြီး အစာချက်အားလည်း ပိုကောင်းလာစေသည်။ အစာများ အလွယ်တကူပြိုကွဲစေသည်။

**ကိုယ်အလေးချိန်ကျခြင်း**

ရေနွေးသောက်ခြင်းက ကိုယ်အလေးချိန်ကျခြင်းနှင့် ဆက်စပ်မှုရှိနေသည်။ ရေနွေးပူပူသောက်ပြီးနောက် ခန္ဓာကိုယ်၏ ဇီဝကမ္မလည်ပတ်မှုဖြစ်စဉ် တိုးတက်လာပြီး အရေပြားအောက်တွင်ရှိသည့် အဆီပိုတစ်သျှူးများကို ဖြိုခွဲပစ်နိုင်သည်။ ရေနွေးသောက်ခြင်းက ကိုယ်အလေးချိန်ကျစေရန် အထောက်အကူဖြစ်စေသည်။

**အအေးမိဝေဒနာအမျိုးမျိုးကို ပျောက်ကင်းစေခြင်း**

ရေနွေးပူပူ သောက်လိုက်သည့်အခါ ချွဲသလိပ်များကို ငြိမ်ကျသွားစေသောကြောင့် အသက်ရှူလမ်းကြောင်းပွင့်သွားပြီး အအေးမိ၍ ရင်ကျပ်၊ နှာစေး၊ ချောင်းဆိုး၊ လည်ချောင်းယား၊ လည်ချောင်းနာခြင်းများ သက်သာပျောက်ကင်းစေသည်။ သလိပ်ဖျား၊ လေဖျား၊ ချမ်းတုန်ဖျားများအတွက်လည်း ရေနွေးပူပူသောက်သင့်သည်။

**သွေးလည်ပတ်စီးဆင်းပြီး အာရုံခံအင်္ဂါများ ပွင့်သွားစေခြင်း**

ရေနွေးပူပူက ခန္ဓာကိုယ်ကို ဘေးဥပဒ်ဖြစ်စေသည့် သွေးကြောထဲရှိ ကိုလက်စထရောများကို ချပေးနိုင်သောကြောင့် သွေးကြောများပွင့်ကာ အာရုံကြောစနစ်များ တိုးတက်ကောင်းမွန်စေသည်။ ခြေထောက်သွေးကျ၍ နာကျင်ကိုက်ခဲပါက ရေနွေးစိမ်ပေးနိုင်သကဲ့သို့ အမျိုးသမီးများ ဓမ္မတာလာစဉ် ဗိုက်အောင့်ခြင်းအတွက် ရေနွေးပူပူသောက်ခြင်းဖြင့်လည်းကောင်း၊ ဗိုက်ကို ရေနွေးအိတ် သို့မဟုတ် ရေနွေးပုလင်းကပ်ပေးခြင်းဖြင့်လည်းကောင်း သက်သာပျောက်ကင်းနိုင်သည်။

**အကျိုးကျေးဇူးများ**

ရေဓာတ်ဖြည့်ဆည်းမှု တိုးတက်စေသည်။ သကြားအချိုတပ်မက်ခြင်းကို လျော့ကျစေသည်။ နာပိတ်ရောဂါသက်သာစေသည်။ ဦးနှောက်အာရုံကြောလုပ်ငန်းများ တည်ငြိမ်စေသည်။ စိတ်ဖိစီးမှုများ လျော့ကျစေသည်။ အစာရေမျိုအတွင်း အစာဖြတ်သန်းခြင်းကောင်းမွန်စေ၍ အစာနင်ခြင်းမှ ကာကွယ်ပေးသည်။ အစာကြေညက်လွယ်ခြင်း၊ ဆီးသွားစေခြင်းဖြင့် ကောင်းကျိုးပြုသည်။ ရေနွေးပူပူသောက်ခြင်းက ပန်းနာရောဂါ၊ ချောင်းဆိုးရောဂါ၊ အဖျားရောဂါ၊ ကြက်မျက်သင့်ရောဂါ၊ ဝမ်းကိုက်ရောဂါများကို သက်သာစေသည်။ လေအောင့်ခြင်း၊ ကြို့ထိုးခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်းတို့အတွက် နေကောင်းကျန်းမာစေသည်။ ဝမ်းထဲ၌ စမြင်းခံ၍ ဝမ်းမသွားနိုင်ပါက ရေနွေးဖြင့်ဝမ်းချူပေးလျှင် စမြင်းနူးပြီး ဝမ်းသွားစေသည်။ ကိုယ်လက်ကိုက်ခဲနေသူများ ရေနွေးဖြင့် ရေချိုးပေးခြင်း၊ ချိုးနေစဉ်တွင်လည်း ဆုပ်နယ်ပေးခြင်းဖြင့် အနင်းအနှိပ်ခံခြင်းထက် ပို၍အကျိုးရှိစေသည်။

**အသားအရေကျန်းမာရေး**

ရေနွေးပူပူ သောက်လိုက်သည့်အခါ ချွေးစေးနှင့်အတူ ခန္ဓာကိုယ်ထဲမှ အဆိပ်အတောက်များ ပါသွားသောကြောင့် အသားအရေကို ကြည်လင်စေသည်။ ရေနွေးနွေးဖြင့် ရေချိုးခြင်းက သွေးလည်ပတ်မှုအားကောင်းကာ ချွေးပေါက်များ ပွင့်လာပြီး အသားအရေကြည်လင်စေသည်။ အသားအရေမှိုစွဲသူများအတွက်လည်း ရေနွေးဖြင့်ရေချိုးပေးနိုင်သည်။ မကြာခဏ ဝက်ခြံထွက်သူများက ရေနွေးနွေးဖြင့် မျက်နှာသစ်ပေးပါ သို့မဟုတ် ရေနွေးငွေ့ဖြင့် မျက်နှာပေါင်းတင်ပါ။

**ဆံပင်ကျန်းမာရေး**

ရေနွေးပူပူ သောက်လိုက်သည့်အခါ ခေါင်းချွေးထွက်သွားကာ သွေးလည်ပတ်မှုအားကောင်းလာစေသည်။ ထိုဖြစ်စဉ်က ဦးရေပြားပေါ်မှ အပေါက်လေးများ ပွင့်သွားပြီး အောက်ဆီဂျင်ကို ပိုမိုစုပ်ယူနိုင်သောကြောင့် ဆံပင်အမြစ်ကို ခိုင်မာလာစေသည်။

**သတိပြုရန်**

အစာအိမ်နှင့် အူလမ်းကြောင်းတွင် အနာရှိပါက အလွန်ပူသောရေနွေးကို မသောက်သင့်ပေ။ ညသိပ်ရေနွေးကို မည်သည့်အခါမျှ မသောက်သင့်ပေ။

အချုပ်အားဖြင့်ဆိုရသော် ရေနွေးဖြူသောက်ရုံဖြင့် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များ ပြေလျော့စေသည့်အပြင် အသားအရေကြည်လင်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်ခြင်း၊ ဦးနှောက်အာရုံကြောလုပ်ငန်းများ တည်ငြိမ်စေခြင်းနှင့် စိတ်ဖိစီးမှုလျော့ကျစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သောကြောင့် နေ့စဉ် ရေနွေးဖြူတစ်ခွက် သောက်သုံးသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

---

❖ စာမျက်နှာ ၁၂ မှ

အကြောင်း အမျိုးမျိုးကြောင့် ပြဿနာတက်ပြီးတော့ ဖမ်းဆီးခံရပြီးတော့ ပြန်လာတာပါ။ တိုင်းရင်းသားတွေ ထောင်ထဲမှာရော ဒီထိန်းသိမ်းရေးစခန်းမှာ လူပေါင်းများစွာလည်း ကျန်ရှိပါသေးတယ်။ ပြန်ခေါ်နိုင်အောင် ကြိုးစားပေးပါလို့။ အမိမြေနဲ့ ခွဲခွာသွားတာလည်း ကြာပြီလေ။ လူတွေက အများကြီးပဲ စိတ်ထိခိုက်တယ်။ ဘာသာစကားမတတ် အင်္ဂလိပ်ဘာသာစကား၊ တရုတ်ဘာသာစကား မတတ်တဲ့အတွက်လည်း လူတွေ ဒုက္ခအမျိုးမျိုးရောက်ရတယ်။ သူများနိုင်ငံသွားရင် သူများဘာသာစကားတတ်မှသူများနိုင်ငံရဲ့ ယဉ်ကျေးမှုကို လေ့လာမှ မလေးရှားနိုင်ငံသားတွေက ချစ်တာပါ။ ကိုယ့်နိုင်ငံလည်း ကိုယ့်နိုင်ငံလာရင် ကိုယ့်ဘာသာစကားကို ကိုယ်တတ်အောင်သင်မှသူများနိုင်ငံမှာလည်း ယဉ်ကျေးမှုတွေ သူ့အလိုက်အထိုက် နေတတ်အောင်လည်း နေကြပါလို့ ကျွန်တော်ပြောချင်ပါတယ်။ Camp တွေကဖမ်းမိပြီး မြန်မာသံရုံးကို လွှဲပေးတယ်။ မြန်မာသံရုံးကနေပြီးတော့ ဒီဘက် မြန်မာနိုင်ငံလက်ထဲကို ပြန်ခေါ်ပေးတာပါ။ ဒီမှာတိုင်ရင်လည်း ဖမ်းဆီးခံရတယ်။ မှန်တာပဲဖြစ်စေ မမှန်တာပဲဖြစ်စေ ဒီနိုင်ငံမှာ တစ်နှစ်တစ်ခါ ပါမစ်ရှိတယ် သုံးနှစ်တစ်ခါ ပါမစ်ရှိတယ်။ ပါမစ်တွေက သက်တမ်းတိုးမှ ကျွန်တော်တို့က နေထိုင်ခွင့်ရတာ။ သူတို့နိုင်ငံမှာ အခွန်မဆောင်တဲ့အတွက် မလေးရှားက လဝကဥပဒေနဲ့ ကျွန်တော်တို့ မိတယ်။ အခုလိုပြန်လာရတာ ဝမ်းသာတာပေါ့။ မိသားစုနဲ့သားကွဲ မယားကွဲ ညီအစ်ကိုမောင်နှမတွေ အဘိုးအဘွားတွေနဲ့လည်း တွေ့ချင်တာပေါ့။ ကျွန်တော်တို့ကို အခုလို ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲရော ဒီလိုလုပ်ပေးတဲ့အတွက် လူတစ်ယောက်တည်း မဟုတ်ဘူး လူပေါင်းထောင်ချီ လုပ်ပေးတဲ့အတွက် သိန်းပေါင်းများစွာ ကုန်တာလည်း ကျွန်တော်တို့သိတယ်။ ကျွန်တော်တို့အနေနဲ့လည်း ခံစားလို့ရတယ်။ ဘယ်လို ဘယ်လို လုပ်ပေးရတယ်ဆိုတာ၊ အကုန်လုံးကိုလည်း ကျေးဇူးတင်တယ်။ နိုင်ငံတော်အကြီးအကဲတွေ၊ လဝကတို့၊ ဒီဘက် ရေတပ်၊ အင်ဂျင်နီယာတပ်တွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်”ဟုပြောသည်။










“ကျွန်တော်ရမ်းဗြဲကနေပြီးတော့ ရန်ကုန်တက်တယ်။ ရန်ကုန်ကနေ မောတောင်၊ မောတောင်က တစ်ဆင့် ကျွန်တော် မလေးရှားတက်တယ်။ အခက်အခဲတွေကတော့ ကြုံရတာပေါ့။ ဒါပေမဲ့ မလေးရှားရောက်တော့လည်း ဟိုအလုပ် ဒီအလုပ် အဆင်မပြေတာတွေက များတယ်။ သူဌေးတွေက အများကြီးဆိုးတယ်။ အဲ့ဒါတွေ အဆင်မပြေဖြစ်ခဲ့တယ်။ ကျွန်တော်တို့တွေက ဆင်းရဲတော့ နည်းနည်းအခက်အခဲတွေက များတယ်။ အဲ့ဒါကြောင့် ကျွန်တော် မလေးရှားတက်တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြန်ရောက်တော့မယ်ဆိုတော့ ပျော်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့ လူတွေကတော့ နည်းနည်းအခက်အခဲရှိနေတယ်။ ဘာလို့လဲဆိုတော့ ဒီက မြန်မာတွေက အကုန်ထွက်လာတော့ မြန်မာတွေကျန်ခဲ့တဲ့ သူတွေကို နှိပ်စက်နေတာတွေ ရိုက်တာတွေ ခံနေရတာတော့ စိတ်မကောင်းဖြစ်ရတာပေါ့။ အကုန်လုံးကျေးဇူးတင်ပါတယ်၊ လာခေါ်တဲ့ လူတွေရော အကုန်လုံး ကျေးဇူးအများကြီးတင်ပါတယ်”ဟု ပြောသည်။

“မလေးရှားရောက်တာ သုံးနှစ်လောက်ရှိပါပြီ။ အောက်လမ်းကနေပဲ လာတာပါ။ ကော့သောင်းကနေပြီးတော့ မလေးရှားကို ဝင်တယ်။ ဝင်ပြီးတော့ ဟိုရောက်တော့ ကျွန်တော် ကားဝပ်ရှော့ပေါ့၊ ကားဝပ်ရှော့လုပ်ရတယ် အလုပ်အကိုင်လည်း အဆင်မပြေပါဘူး။ အထောက်အထားမရှိလို့ လဝကတွေ တော်တော်များများ ဖမ်းကြပါတယ်။ လဝကရောက်မှပဲ အထဲမှာ ခြောက်လလောက်ကြာတယ်။ ပြီးတော့မှ ဒီကျွန်တော်တို့ မြန်မာနိုင်ငံက ပြန်လာခေါ်တော့ ဒီမှာ လိုက်ပါလာပါတယ်။ ဘာလို့လဲဆိုတော့ အထဲမှာ တော်တော်နေရတာ စားရတာ စိတ်ဆင်းရဲတယ်။ ပင်ပန်းတယ်။ သံရုံးက ပြန်ရတော့မယ်ပြောတော့ ဒီတစ်လလောက် ကျွန်တော်တို့ တော်တော်ပျော်ကြတယ်။ ပြန်ရမှာလား မပြန်ရမှာလား အတိအကျမသိသေးဘူး။ ပျော်နေကြတယ်။ ပြန်ရမယ့်ညဆို တစ်ညလုံး အိပ်လို့မပျော်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ်က မြန်မာပြည်ပြန်ရောက်တော့မှာမို့လို့ အပြင်မှာနေတုန်းကတော့ ဘာမှမဖြစ်ဘူး။ အထဲရောက်မှ အနေဆင်းရဲတယ်၊ အစားဆင်းရဲတယ်၊ ထွက်လာမိတာကို နောင်တတွေအများကြီးရမိပါတယ်။ မလေးရှားကနေထွက်လာပြီးတော့ ကျွန်တော်တို့သင်္ဘောဆိပ်ရောက်တော့ မြန်မာ့အလံကိုမြင်တာနဲ့ စိတ်ထဲမှာ မျက်ရည်တောင်ကျမိပါတယ်ဗျ။ ဒါကတော့ ပြောပြလို့မတတ်အောင် ပျော်ပါတယ်ဗျ။ ဒီမနက်က အထက်အရာရှိတွေက မြန်မာပိုင်နက်ထဲရောက်ပြီဆိုတာနဲ့ အော်ပေးတယ်၊ ကိုယ့်အိမ် ကိုယ့်ရာရောက်သလိုပါပဲ။ ငိုတဲ့လူလည်း ငိုကြပါတယ်။ ကိုယ့်အိမ် ကိုယ့်ရာရောက်ပြီဆိုတော့ပျော်ကြတာပေါ့။ သင်္ဘောပေါ်မှာ အစစအရာရာ အဆင်ပြေအောင်တာဝန်ရှိသူတွေက လုပ်ထားပေးပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ ဌာနဆိုင်ရာအသီးသီးမှ လာခေါ်ပေးတဲ့ တာဝန်ရှိတိုင်းဒေသကြီးအစိုးရတွေ၊ ဒီသင်္ဘောပေါ်မှာရှိတဲ့ အရာရှိတွေအားလုံးကိုလည်း ရင်ထဲက အတိုင်းမသိ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်ခင်ဗျ” ဟုပြောသည်။ (၁၀၀)

# စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



**မင်းဘူး အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စက်တင်ဘာလ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးအေးလွင်နှင့် အဖွဲ့ဝင်များက တောင်မန်းကျေးရွာရှိ တောင်မန်းမြောင်းမကြီးသို့ သွားရောက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်/မြောင်း)မှ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေများကို အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကုန်းသာကျေးရွာ ကွင်းအမှတ်(၁၂၉၅)(ခ)ရှိ တောင်သူဒေါ်မြမြ၏ လယ်မြေလေးကေ၌ ရောမင်းစပါးမျိုး စိုက်ပျိုးထားရှိမှု၊ အဆိုပါကွင်းရှိ တောင်သူဦးကျော်သူရ၏ စပျစ်ခြံ ၁ ဒသမ ၂ ကေအတွင်း စပျစ်ပင်ကို ကိုင်းကူးနည်းစနစ်ဖြင့် တစ်နိုင်တစ်ပိုင် စမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် ကန်ရေကျေးရွာ ကွင်းအမှတ် (၁၃၀၆) ရှိ တောင်သူဦးခင်မောင်ထွေး၏ စိုက်ပျိုးမြေလေးကေအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဆိုလာစနစ်စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပြီး ဆင်းရတနာစပါးမျိုး စိုက်ပျိုးထားရှိမှုနှင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# M League 2026 U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် Galaxy အသင်း ဟံသာဝတီယူနိုက်တက်အသင်းကိုအနိုင်ယူ



**ရန်ကုန် အောက်တိုဘာ ၁**

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇) တတိယနေ့ပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင်ဗဟန်းကွင်း၌ အဆင့်(၉)နေရာမှ Galaxy အသင်းနှင့် အဆင့်(၁၀)နေရာမှ ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒုတိယပိုင်းသွင်းဂိုးများနှင့် Galaxy အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

Galaxy အသင်းသည် နောက်ဆုံးကစားခဲ့သည့်ပွဲတွင်ISPEအသင်းကိုရှုံးနိမ့်ထားသလို ဟံသာဝတီယူနိုက်တက်အသင်းသည်လည်း နောက်ဆုံးကစားခဲ့သည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းကို ရှုံးနိမ့်ထား၍ နိုင်ပွဲပြန်ရှာကြသည့်အထက်အောက်အသင်းနှစ်သင်း တွေ့ဆုံကြသည့်ပွဲစဉ်ဖြစ်သည်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုတွင် Galaxy အသင်းက ၅ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် ပထမပိုင်းပွဲစသည်နှင့် သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဂိုးရရှိနိုင်မည့်အခွင့်အရေးကောင်းများနှစ်သင်းလုံးပိုင်ဆိုင်ခဲ့ကြပေမယ့် အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် ဘောလုံးအပျက်များပြီး ဦးဆောင်ဂိုးနှင့် လွဲခဲ့ကြသည်၊ ပထမပိုင်းတစ်ပိုင်းလုံး ယှဉ်ပြိုင်ကစားခဲ့ကြပေမယ့် တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် Galaxy အသင်း တိုက်စစ်မြှင့်ပြီး ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားခဲ့သလို ဟံသာဝတီယူနိုက်တက်အသင်းကလည်း ခံစစ်မှတန်ပြန်တိုက်စစ် မျှတစွာ ကစားခဲ့၍ ပြိုင်ပွဲကြည့်ကောင်းလာသည်။ ပွဲကစားချိန် မိနစ်၆၀ တွင် ဟံသာဝတီယူနိုက်တက်အသင်း အဝေးက ကန်သွင်းမှုကောင်းသော်လည်း Galaxy အသင်းနောက်တန်း ရှင်းထုတ်နိုင်သွား၍ ဂိုးမရရှိခဲ့ပေ။ သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်စစ်ဆင်ကစားရင်း ပွဲကစားချိန် ၆၃ မိနစ်တွင် ကွင်းလယ်က အလိုက်သင့်ဖန်တီးပေးပို့သည့် ဘောလုံးကို သက်နိုင်ဦးက ပြိုင်ဘက်ဂိုးသမားကိုပါခေါက်၍ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် Galaxy အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ပွဲကစားချိန် ၆၆ မိနစ်တွင်လည်း ပိုင်ဇေထွန်းက Galaxy အသင်းအတွက် ဒုတိယမြောက်ဂိုးကိုထပ်မံသွင်းယူနိုင်ခဲ့၍ Galaxy အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **ဝန်းရံခ**

# လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ ပူဇော်ခြင်းအောင်ပွဲ ကျင်းပမည်

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် လုံးတော်ပြည့်ရွှေစင်၊ ရွှေသားနှင့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းအောင်ပွဲအထိမ်းအမှတ်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် သံဃာတော်အပါး ၉၀၀ ဖြင့် ဘုရားအနေကဇာတင်ခြင်း၊ သံဃာတော်အပါး ၉၀၀၊ သီလရှင်အပါး ၁၀၀ တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်နှင့်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ခြင်းများ ပါဝင်မည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများ အနေဖြင့် စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သို့ လှူဒါန်းနိုင်သည့်အပြင် ဖုန်း-၀၉-၇၇၇၈၄၁၄၇၅၊ ၀၉-၄၀၇၈၇၇၁၁၃ နှင့် ၀၉-၅၃၀၁-၇၁၇ တို့သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၁၀)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၂၁ ရက်မှ စက်တင်ဘာလ ၂၇ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရတရားမဝင် **ကျွန်း ၃၄ ဒသမ ၇၇၇၈ တန်၊ သစ်မာ ၁၄ ဒသမ ၄၅၅၆ တန်၊ အခြား ၄၀ ဒသမ ၃၃၆၄ တန်၊ စုစုပေါင်း ၈၉ ဒသမ ၅၆၉၈ တန်၊ ယာဉ်/ယန္တရား ၄ စီး၊ တရားခံ ၉ ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။ **မြဝတီ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ရေနံချောင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရေနံချောင်း တက္ကသိုလ်၌ ရေရှည်တည်တံ့ခိုင်မြဲသော တီထွင်ဆန်းသစ်မှုဆီသို့ ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃၀ ရက်က အဆိုပါတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ တက္ကသိုလ် ၂၅ ခုမှ ဘာသာရပ်နယ်ပယ်အလိုက် စာတမ်းပေါင်း ၆၄ စောင်ကို ဖတ်ကြားသည်။

အခမ်းအနားတွင် တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာအေးအေးသန့်က အဖွင့်အမှာစကားပြောကြားပြီး ရေနံချောင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာနွယ်သင်းနီက စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ သင်ကြား၊ စီမံဌာန၊ အင်ဂျင်နီယာဌာန၊ နယ်မြေဌာနများရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် တက္ကသိုလ်၂၅ ခုမှ စာတမ်းရှင်များက ဘာသာရပ်နယ်ပယ်အသီးသီးဖြစ်သည့် Natural Science ဘာသာရပ်နှင့်ဆိုင်သော စာတမ်း အစောင် ၂၀၊ Social Science ဘာသာရပ်နှင့်ဆိုင်သော စာတမ်း ၂၄ စောင်၊ Humanity and Art ဘာသာရပ်နှင့်ဆိုင်သောစာတမ်း ၁၄ စောင်၊ Infrastructure၊ Technology Innovation ဘာသာရပ်နှင့်ဆိုင်သောစာတမ်းလေးစောင်၊ Energy ဘာသာရပ်နှင့်ဆိုင်သော စာတမ်းနှစ်စောင် စုစုပေါင်း စာတမ်း ၆၄ စောင်ကို စာသင်ဆောင်များရှိ စာသင်ခန်းလေးခန်းတွင် နှစ်ရက်ကြာ ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ကိုစိုးကြီး(ပြန်/ဆက်)**



## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ ဂျပန်နိုင်ငံ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ယိုရှိတာခဲ ရှိုဂိုအား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)




## တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာသင်တန်းစင်တာသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် သွားရောက်ကြည့်ရှုစစ်ဆေး



တောင်ကြီး အောက်တိုဘာ ၁

တောင်ကြီးမြို့နယ်အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာသင်တန်းစင်တာတွင် ၂၀၂၄ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စခန်းသွင်းလေ့ကျင့်နေသည့်ရှမ်းပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်တိုင်းရင်းသားလူငယ်မောင်မယ်များ၏ ပြိုင်ပွဲဝင်လေ့ကျင့်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည်ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သင်တန်းစင်တာအတွင်းရှိ အလုပ်ရုံဆောင်၊ စားရိပ်သာဆောင်၊ သင်တန်းခန်းမဆောင်များနှင့်သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားသည်။

ထို့ပြင် သင်တန်းစင်တာတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့်တွေ့ဆုံပြီး တာဝန်ခံညွှန်ကြားရေးမှူးက သက်မွေးပညာသင်တန်းများ ဖွင့်လှစ်နေမှုများ၊ ဖွင့်လှစ်သွားမည့် သင်တန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေများကို ခြိုးခြံချွေတာပြီး အကျိုးရှိရှိအသုံးပြုရန်နှင့်ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်မှာကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးကို အထူးဂရုပြုရန်နှင့်စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းများဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြားတွင်တောင်ပြိုလမ်းပိတ်နေရာကို လူအင်အား စက်အင်အားဖြင့်ရှင်းလင်းဆောင်ရွက်ရာ ယနေ့ညနေပိုင်းတွင် ယာဉ်များဖြတ်သန်းသွားလာနိုင်

ဖလမ်း အောက်တိုဘာ ၁

ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြားတွင် ယနေ့နံနက် ၇ နာရီအချိန်ခန့်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြို၍လမ်းပိတ်ဆို့နေသည့်နေရာအား လမ်းကြောင်းအမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရေးနှင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လမ်းအထူးအဖွဲ့ (၁၀) က လုံလောက်သောလူအင်အားနှင့် စက်အင်အားများဖြင့် ရှင်းလင်းဆောင်ရွက်ရာ ယနေ့ညနေပိုင်းတွင် ယာဉ်များဖြတ်သန်းသွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။



ယနေ့နံနက်ပိုင်းတွင်ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာ သောင်းနိုင်သည် ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကလေး-ဖလမ်း-ဟားခါးလမ်းတစ်လျှောက် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကားလမ်းတစ်လျှောက်မိုးရွာသွန်းမှုကြောင့် လမ်းသားပဲ့ကျနေမှုများနှင့် မြေစာပြိုကျနေမှုများကို တာဝန်ရှိသူများက လူအား၊ စက်ယာဉ်ယန္တရားများဖြင့် ပြုပြင်၊ ဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ်လမ်းဦးစီးဌာနညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန်းဇော်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးသန်းထူးအောင်က ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက လမ်းပန်းဆက်သွယ်မှုပြတ်တောက်မှုမရှိစေရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သောလူအင်အားနှင့် စက်အင်အားများအသင့်ဆောင်ရွက်ထားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ကျောက်နီမော်မြို့နယ်နှင့် မောတောင်မြို့နယ်တို့၌ စက်တင်ဘာလ ၂၉ ရက် ညပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေမြင့်တက်၍ အဆိုပါမြို့နယ်များရှိမြို့ပေါ်ရပ်ကွက်များ၌ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့်နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီးလိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်းကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် (၁)မိနစ်ငြိမ်သက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီး ကျော်သူအား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲမှူးကြီးရန်နိုင်ထွန်းကိုယ်စား ဇနီးဒေါ်ခင်စန်းဝင်းအား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်းကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် (၁)မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏သမိုင်းအစဉ်အလာနှင့်နိုင်ငံတော်နှင့်ပြည်သူများအတွက် ထမ်းဆောင်ခဲ့သည့်တာဝန်များကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့် အခမ်းအနားဖြစ်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်သတ်မှတ်ရမည့်အခါသမယလည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင်ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ခိုင်မာအောင် တည်ဆောက်နေကြောင်း၊ ထိုသို့ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်

❖ **ယနေ့ ဒေသတွင်းနိုင်ငံများနည်းတူ ကြုံတွေ့နေရသည့် နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံတစ်ခုတည်းက ဖြေရှင်း၍မရနိုင်သည့် စိန်ခေါ်မှုများဖြစ်လာသည့်အတွက် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုက ပိုမို၍အရေးကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL)ကို ၁၉၅၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့သကဲ့သို့ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့(ASEANAPOL)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ . . .**

ရွက်မှုများကို အားကောင်းအောင် ဆောင်ရွက်ရာတွင် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း အလေးထားပြီး ပူးပေါင်းကာကွယ်တားဆီးဖြေရှင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ Cyber Crime၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှုပ်ထွေးမှုများကို ထိရောက်စွာ ကာကွယ်တားဆီးရန်နှင့် အချိန်မီ တုံ့ပြန်နိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုများ မြှင့်တင်ခြင်း၊ မှုခင်းသတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် သုံးသပ်ခြင်း၊ ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှုများအားကောင်းစေခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

အထူးသဖြင့် ယနေ့ဒေသတွင်းနိုင်ငံများနည်းတူ ကြုံတွေ့နေရသည့် နိုင်ငံဖြတ်ကျော် မှုခင်းများသည် နိုင်ငံတစ်ခုတည်းက ဖြေရှင်း၍မရနိုင်သည့်စိန်ခေါ်မှုများဖြစ်လာသည့်အတွက် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုက ပိုမို၍အရေးကြီးလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)ကို ၁၉၅၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သကဲ့သို့ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့ (ASEANAPOL)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ်သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိကြောင်း၊ အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်စေနိုင်ခြင်းကြောင့် အွန်လိုင်းလိမ်လည်မှုနည်းလမ်းများနှင့် အန္တရာယ်များကို ပြည်သူများသိရှိနားလည်စေရန် အသိပညာပေး





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

❖ **အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ်သတ်မှတ်၍** Zero Tolerance **မူဝါဒဖြင့် နှိမ်နင်းလျက်ရှိ . . .**

လုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့် အရေးယူမှုများပြုလုပ်ကြရန် နိုင်ငံတော်အစိုးရက အလေးထား ဆောင်ရွက်နေကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုများကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် **“အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ”**ကို ၂၀၂၆ ခုနှစ်တွင်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကြောင်း။

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်းလုပ်ကိုင်သည့်နေရာများ ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ၇၆၄၈၆ ဦး ဖမ်းဆီးရမိခဲ့ပြီး ၇၃၂၅၈ ဦးကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့်ပူးပေါင်းပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့်ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်စပ်သော လူနေအဆောက်အအုံများအပါအဝင် အဆောက်အဦစုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင်ရာနှုန်းပြည့် မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်းတွင်ရှိသည့် အဆောက်အဦ ၇၇ လုံးကိုလည်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ်ကြောင်း၊ ယင်းသည် ရဲတပ်ဖွဲ့အတွက် ကြီးမားသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

မိမိတို့ အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ရှုမြင်ပြီး ထုတ်လုပ်မှုနှင့်တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးစစ်ဆင်ရေး (၄၁)ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်ထိ ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် “Operation 42” ကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA) စသည့်အဖွဲ့များအပြင် အိမ်နီးချင်းနိုင်ငံများ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးထိန်းချုပ်ရေးအဖွဲ့များနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်သည်များကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် မြန်မာကျပ်ငွေ ၂၂၀၉ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၀၃ သန်းကျော်) တန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်မှာလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်ထိရောက်သည့်အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု စတုတ္ထအကြိမ်မြောက် ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ခုနှစ်သည်လည်း မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းကဏ္ဍ (၄) ရပ်တို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး INTE-RPOL၊ ASEANAPOL တို့နှင့် ပူးပေါင်းပြီး လူကုန်ကူးမှုများတားဆီးနှိမ်နင်းရေးစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံပေါင်း (၁၄)နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ (MoU)များ လက်မှတ်ရေးထိုးပြီး သတင်းအချက်အလက်ဖလှယ်ခြင်းများနှင့် ဥပဒေ၊ နည်းဥပဒေများအရ အရေးယူခြင်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့၏လုပ်ငန်းများအောင်မြင်ရန် ပြည်သူများ၏ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို နားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးအခြေခံမှုများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်ရမည်လည်းဖြစ်ကြောင်း။

ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံနှင့် စည်းကမ်းတို့ကို စနစ်တကျမြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ **စာမျက်နှာ ၁၈ သို့** ☆



ဒုတိယသမ္မတ ဦးညိုစော စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ရဲမှူးစောမင်းသိန်းအား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ရဲဒုတိယတပ်ကြပ် ရန်ကိုကိုသိန်းလှိုင်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး စွမ်းဆောင်မှုဆိုင်ရာဂုဏ်ပြုဆုတံဆိပ်ရရှိသူ ရဲအုပ်သော်ဇင်ထွန်းအား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၁၇ မှ

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာသည်နှင့်အတူ မှုခင်းပုံစံများပြောင်းလဲလာသောကြောင့် ဒီဂျစ်တယ်နည်းပညာအသုံးပြု ရဲလုပ်ငန်း(Digital Policing)၊ ရဲလုပ်ငန်းသုံးနည်းပညာ (Police Technology)၊ မှုခင်းသိပ္ပံ (Forensic Science)နှင့် ခေတ်မီ စုံစမ်းစစ်ဆေးရေးနည်းပညာများကို ထိရောက်စွာအသုံးချနိုင်ရန်လိုအပ်ကြောင်း၊ မှုခင်းသတင်းအချက်အလက်များကိုစနစ်တကျစုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာပြီး အထောက်အထားအခြေပြု စုံစမ်းဖော်ထုတ်မှုများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုများကို အမြဲအလေးထားအသိအမှတ်ပြုကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် မိမိကျရာကဏ္ဍတွင်တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်နှင့်ကိုယ်အင်္ဂါများ စွန့်လွှတ်ပေးလှူသွားခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့် ကြိုးပမ်းမှုများကို ဂုဏ်ယူလေးစားအသိအမှတ်ပြုပါကြောင်းနှင့်လက်ရှိတွင်လည်း တာဝန်များကို စည်းကမ်းရှိရှိ၊ ရဲဝံ့စွာဖြင့် တာဝန်ယူမှုရှိစွာ ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုများနှင့် စွန့်လွှတ်အနစ်နာခံမှုများကိုလည်း လေးစားစွာဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအထိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း (၄၉၄၀)တို့ကို စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့်စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်းကိုလည်း အသိပေးလိုကြောင်း။

ထို့အပြင် ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုများကို အစဉ်အမြဲ နားလည်ပံ့ပိုးပေးကြသည့် မိသားစုဝင်များကိုလည်း ပြည်သူများကိုယ်စား မှတ်တမ်းတင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့် တာဝန်သည် နိုင်ငံတော်နှင့်ပြည်သူများ၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသည့်တာဝန်ဖြစ်သည်ကို အမြဲသတိပြုကြရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့၏တာဝန်များကို စည်းကမ်းရှိစွာ၊ တာဝန်ယူမှုရှိစွာနှင့် ဥပဒေနှင့်အညီ ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံး အနေဖြင့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်များဖြင့် စနစ်တကျအုပ်ချုပ်ကွပ်ကဲပြီး ပေးအပ်လာသည့်တာဝန်များကို မခိုမကပ်ဘဲ ကျေပွန်စွာထမ်းဆောင်သွားကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဟူသည့် မျှော်မှန်းချက်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုကဲ့သို့ တည်ဆောက်ရာတွင် ခေတ်မီလက်နက်၊ အီလက်ထရောနစ်ဆက်သွယ်ရေး စက်ပစ္စည်းများ၊ လုံခြုံရေးအသုံးအဆောင်များကိုလည်း ခေတ်ကာလနှင့် လျော်ညီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ်လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း အဂတိကင်းစင်ပြီး ပြည်သူချစ်သည့် စွမ်းရည်ထက်မြက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရေး အစဉ်တစိုက် လေ့ကျင့်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ အားကိုးအားထားပြုရသည့် စည်းကမ်းကောင်းမွန်သည့်တပ်ဖွဲ့ဝင်များ ဖြစ်အောင် အလေးထားဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခါသမယမှစ၍ ရဲတပ်ဖွဲ့ဝင်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မိမိတို့၏တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ကြပါစေကြောင်း၊ ရဲတပ်ဖွဲ့၏ စည်းကမ်း၊ ဂုဏ်သိက္ခာနှင့်စွမ်းဆောင်ရည်များပိုမိုမြင့်မားလာပြီး ပြည်သူများ၏ ယုံကြည်အားကိုးမှုကိုရရှိသည့် ခေတ်မီရဲတပ်ဖွဲ့တစ်ရပ်အဖြစ် ဆက်လက်တိုးတက်ဖွံ့ဖြိုးလာပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီးကျော်သူ၊ ဒုတိယရဲမှူးမြင့်ဇော်နှင့် ရဲမှူးကြီးရန်နိုင်ထွန်း၊ ရဲဗလတံဆိပ်ရရှိသူ ရဲတပ်ကြပ် သန့်စင်ဦးတို့အား ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုတံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ၃ ဦးကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ၂ ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ပြုဆုတံဆိပ်ရရှိသူ ၁ ဦးကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ ၃ ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုရဲတပ်ဖွဲ့အလိုက် ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံများနှင့် တပ်ဖွဲ့အလိုက် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုရဲတပ်ဖွဲ့အလိုက် ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံများနှင့်တပ်ဖွဲ့အလိုက် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

- ❖ **မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့်ပူးပေါင်းပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့် ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့်ဆက်စပ်သော လူနေအဆောက်အအုံများအပါအဝင် အဆောက်အဦစုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရာနှုန်းပြည့်မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့၊ ရွှေကုက္ကိုလ်မြို့ကျေးရွာအတွင်းတွင်ရှိသည့် အဆောက်အဦ ၇၇ လုံးကိုလည်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ် . . .**
- ❖ **ရဲတပ်ဖွဲ့၏လုပ်ငန်းများအောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိရေးသည် အလွန်အရေးကြီး၊ ပြည်သူများ၏ လိုအပ်ချက်များကိုနားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန်လိုအပ် . . .**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကျင်းပ

**ဘိုကလေး အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်တိုဘာလ ၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများနှင့် ကဗျာ(အရေး)ပြိုင်ပွဲများကို ယနေ့တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲများသို့ ဘိုကလေးမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပြိုင်ပွဲတစ်ခုလျှင် ၃၀ ဦးစီ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအလိုက် ဆုရရှိသူများကို အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်စဉ်။

**▼ တက္ကသိုလ်လေ့ကျင့်ရေးမှ**

ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဗထူးတပ်မြို့၌ လည်းကောင်း၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ၌လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ဆရာမများ၊သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးလက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများ အနေဖြင့် ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ်အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ကို အသီးသီးဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

**■ ကျောဖုံးမှအဆက်**

မြန်မာ Esports အသင်းမှ အားကစားသမားများဖြစ်သည့် မောင်မျိုးမြင့်ကိုကိုကျော်၊မောင်ဟိန်းထက်ဦး၊ မောင်ကျော်သူရ၊ မောင်ဟန်ထူးဆွေနှင့် မောင်ရှိုင်းလင်းအောင်တို့ ငါးဦးက အုပ်စုပတ်လည်အဆင့် ပွဲစဉ်များတွင် ကာဇက်စတန်အသင်း၊ တရုတ်(ဟောင်ကောင်) အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရာ နှစ်ပွဲပြတ်စီ အပြတ်အသတ်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့တက်ရောက်၍ ကွာတားဖိုင်နယ် ရှုံးထွက်အဆင့်ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရာ မြန်မာ Esports အသင်းက ကမ္ဘောဒီးယားအသင်းကို ရလဒ် ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည်အုပ်စုအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို အကောင်းဆုံးယှဉ်ပြိုင်အနိုင်ယူကျော်ဖြတ်ခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ မလေးရှားအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိသဖြင့် အာရှအားကစားပြိုင်ပွဲ၏ အမြင့်မားဆုံးသော ဗိုလ်လုပွဲအဆင့်သို့ ဂုဏ်ယူဝင့်ကြွားစွာ တက်ရောက်နိုင်ခဲ့သည်။

ယင်းနောက် မြန်မာ Esports အသင်းသည် ဗိုလ်လုပွဲ ပွဲစဉ်အား Best of Seven ပွဲငယ် ခုနစ်ပွဲယှဉ်ပြိုင်ရာတွင် လေးပွဲအနိုင်ရရှိမည့်အသင်းက ပထမဆုရရှိမည်ဖြစ်သည့်အတွက် မြန်မာ့လက်ရွေးစင် Esports အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲဦးထွက်မှစ၍ (Game 1 မှ Game 4 အထိ)ရှုံးပွဲမရှိ အကောင်းဆုံး လက်စွမ်းပြသဦးဆောင်ထားနိုင်ခဲ့ပြီး ရလဒ်လေးပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ကာ ပွဲစဉ်တစ်လျှောက်လုံး အမှားအယွင်းမရှိဘဲ ပြိုင်ပွဲကိုထိန်းချုပ်ကစားသွားနိုင်ခဲ့သဖြင့် ချန်ပီယံရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် အောင်မြင်စွာဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး အကြိမ် (၂၀) မြောက်အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB) ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုဖြင့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည်။ ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကလည်းကောင်း၊ တတိယဆုကို မလေးရှားအသင်းနှင့် ပူးတွဲတတိယဆုကို မွန်ဂိုလီးယားအသင်းတို့က လည်းကောင်း ရရှိခဲ့သည်။

ယနေ့ မြန်မာ့လက်ရွေးစင် MLBB Esports Team Zanaka အသင်းရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် ဆုတံဆိပ်တစ်ခုမျှတင်မကဘဲ မြန်မာ့ Esports သမိုင်းတစ်လျှောက် အာရှအဆင့်တွင် ပထမဦးဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်ဖြစ်သည်။

ယခုအောင်မြင်မှုသည် မြန်မာ Esports အသင်း၏ ကြိုးစားအားထုတ်မှု၊ မြန်မာ့ Esports ကဏ္ဍတစ်ခုလုံး၏ အရေးပါသည့်မှတ်တိုင်တစ်ခုဖြစ်၍ နောင်လာမည့် မျိုးဆက်သစ် Esports အားကစားသမားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေရုံသာမက နိုင်ငံတကာစင်မြင့်ထက်တွင် နိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာသီဆိုပြီး နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအလံကို ဆက်လက်လွှင့်ထူနိုင်ရန် အားအင်အပြည့်နှင့် စိတ်ခွန်အားများစွာ ရရှိစေခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင်ပိုက်ကျော်ခြင်း အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ဝူရှူးအားကစားနည်းမှ ကြေးတံဆိပ် တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ လှေလှော်အားကစားနည်းမှ ကြေးတံဆိပ်နှစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ယခု ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၃ နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ကွ်ဘော၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘားနှင့်ဘောလုံး(အမျိုးသမီး) စသည့် အားကစားနည်းငါးနည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ တက်ကွ်ဘောအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုနှင့် Esports အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံက အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် ယနေ့အထိ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခု ရရှိထားသည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက်အဆင့် ၂၂ တွင် ရပ်တည်နိုင်ခဲ့ပြီး ယခင်အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ်များထက်သာလွန်ပြီး အောင်မြင်မှုပိုမိုရရှိခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် သံဃာတော် ၁၀၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများကျင်းပ



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးတို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း ဆုရတပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆုရတပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆုရတပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆုရတပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆုရတပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၂၅ခုနှစ်(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အားကစားခန်းမဦးလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ မြို့တော်ခန်းမဦးလည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမဦးလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ပုလဲရတနာခန်းမဦးလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမဦးလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမဦးလည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများပြောကြားပြီး တာဝန်ရှိသူများက ရဲချုပ်၏ သဝဏ်လွှာကို ဖတ်ကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင်ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၅-၉-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၇-၇-၂၀၂၆ ရက်နေ့မှ ၁၁-၉-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက်သုံးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေ ၃၂ ဦးနှင့်သတင်းအေဂျင်စီလုပ်ငန်း ၁၂ ဦး၊ စုစုပေါင်း ၄၉ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၅၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၉ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၇၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၁˚C |
| ရန်ကုန် | ၂၄˚C | / | ၃၂˚C |
| မန္တလေး | ၂၆˚C | / | ၃၂˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH DAILY EDITION

# 62nd Anniversary of Myanmar Police Force Day observed, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing





President U Min Aung Hlaing and attendees pay respects to the Flag of the Republic of the Union of Myanmar.

**NAY PYI TAW October 1**

The 62nd Anniversary of the Myanmar Police Force Day was observed at MICC-1 in Nay Pyi Taw this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the 62nd Anniversary of Myanmar Police Force Day.

Also present on the occasion were Vice President U Nyo Saw, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo, union level dignitaries and union ministers, the Nay Pyi Taw Council chairman,senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, diplomats, invited guests from international organizations, the MPF director general and members, retired senior police officers, artists and guests.

The President and attendees saluted the Flag of the Republic of the Union of Myanmar and observed a one-minute silence in honour of the MPF members who lost their lives while safeguarding community peace and enforcing the rule of law.

In his address, President U Min Aung Hlaing said the MPF Day was observed in recognition of the historic achievements of MPF and its services for the people. At this ceremony, future works and duties are to be reviewed and set.

The government in office is continuously implementing the aims: to strengthen a genuine and disciplined multi-party democracy and to build a Union based on federalism. It is cooperating with neighbours, regional countries, partners in political, economic and social sectors and is strengthening its international relations in accord with the Five Principles of Peaceful Coexistence. In conducting international cooperation special attention must be paid to collectively combat transnational crime.

Today, cybercrime, online scams, human trafficking, narcotic drugs and cross-border crime have become more sophisticated, alongside technological advancement. High-level technological skill, crime data collection and analysis and strong internal and external cooperation have become a constant requirement in preventing the said sophisticated crime in time.

International cooperation has become more important as transnational crimes Myanmar is facing together with the regional counterparts are the challenges no single country can overcome alone. MPF has become a member of INTERPOL since 1954, and it joined the ASEANPOL in 1998. It is now combating transnational crimes in cooperation with other countries.



President U Min Aung Hlaing presents award to a family member of the winner.

As online scams and gambling have become a global problem, the government has adopted a zero-tolerance policy to crush the crime. The government is prioritizing public awareness campaigns on online scam methods and their dangers, while handing down severe sentences to criminals, as online gambling threatens the public's socio-economic well-being. It reformed **the Central Supervisory Committee for Combating Telecom Fraud and Online Gambling** in 2026 to

SEE PAGE - 22 ▶▶

# Commemorative dinner marks 62nd Myanmar Police Force Day



President U Min Aung Hlaing attends the commemorative dinner marking the 62nd Myanmar Police Force Day.

**NAY PYI TAW October 1**

A commemorative dinner marking the 62nd Myanmar Police Force Day was held this evening at the Myanmar International Convention Centre-1 (MICC-1) in Nay Pyi Taw, attended by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present at the dinner were the President's wife Daw Kyu Kyu Hla; Vice President U Nyo Saw and his wife; Pyithu Hluttaw Speaker U Khin Yi and his wife; Amyotha Hluttaw Speaker U Aung Lin Dway and his wife; Commander-in-Chief of Defence Services General Ye Win Oo and his wife; Union ministers, Union-level dignitaries and their wives; the Nay Pyi Taw Council Chairman; senior military officers from the Office of the Commander-in-Chief and their wives; deputy ministers; members of the diplomatic corps; heads of departments; the Chief of the Myanmar Police Force, police personnel, retired senior police officers, artistes, and other officials.




President U Min Aung Hlaing and wife Daw Kyu Kyu Hla present cash awards to performers.

Upon arrival, the President, his wife, and guests were warmly welcomed by responsible officials.

Following the reception, the President, his wife, and the attendees had dinner together.

Before and during the dinner, musical and dance performances were presented by members of the MPF's Police Band and Entertainment Branch, artistes from the Fire Services Department, the Fine Arts Department under the Ministry of Culture, Hotels and Tourism, the Myawady Music Troupe under the Directorate of Public Relations and Psychological Warfare, and prominent national artistes.

After the dinner, the President and his wife presented a floral basket and cash awards to the MPF's Police Band and Entertainment Branch in honour of their performance, and cordially greeted the attendees.

**Myawady**

▶▶ FROM PAGE - 21

totally root out the crime and enacted the Anti-Online Scam Law on 31 July 2026.

In uncovering and taking action against locations where individuals who had illegally entered Myanmar were engaged in online scam and online gambling activities, a total of 76,486 people were arrested from 5 October 2023 to 29 September 2026, of whom 73,258 were deported and transferred to their respective countries in accordance with established procedures.

Furthermore, the Myanmar Police Force, in cooperation with the Tatmadaw, has been taking action since 22 October 2025 against online gambling and related activities in KK Park. By 9 January 2026, a total of 635 buildings, including residential buildings associated with online scam operations, had been completely demolished and cleared through controlled blasting. Subsequently, 77 buildings in Shwe Kokko Myaing Village were also completely demolished and cleared. So, the President commended this as a significant achievement by the Myanmar Police Force.

The government regards combatting drugs as a national responsibility and has been continuously and vigorously implementing measures to prevent, suppress and combat drug production and illicit trafficking. A total of 41 special operations have been conducted, and the President instructed all concerned to ensure the successful implementation of "Operation 42", the drug prevention and suppression plan being carried out from 1 April to 31 December 2026.

Myanmar needs to further strengthen close cooperation with organizations such as the International Narcotics Control Board (INCB), the United Nations Office on Drugs and Crime (UNODC), and the US Drug Enforcement Administration (DEA), as well as with the drug prevention, suppression and control agencies of neighbouring countries.

On the International Day Against Drug Abuse and Illicit Trafficking, observed on 26 June 2026, seized narcotic drugs and related items worth more than Ks-2,209 billion (over US$-603 million) were successfully destroyed by incineration in Yangon, Mandalay and Taunggyi. This was also an effective achievement in the fight against drugs.

Myanmar has been undertaking efforts to combat human trafficking as a national responsibility since 1997. The current Fourth Five-Year Plan (2022-2026) is being implemented through established strategies, tactics and four key areas of work. Myanmar is also cooperating with INTERPOL and ASEANAPOL and participating in projects aimed at preventing and combating human trafficking.

Furthermore, the National Strategy for Combatting Money Laundering and the Financing of Terrorism (2024-2028) was approved by the Union Government and promulgated on 21 October 2024. Myanmar has also signed Memoranda of Understanding (MoUs) with 14

SEE PAGE - 23 ▶▶

▸▸ FROM PAGE - 22

countries, enabling cooperation in information sharing and in taking action in accordance with relevant laws and rules. Public trust, confidence and cooperation are essential for the successful performance of police duties. It is necessary to understand the needs of the public and address their complaints and requests for assistance promptly, properly and responsibly. In addition, police members should respect and comply with laws, procedures and fundamental human rights principles, and continue to strengthen community-oriented policing to further build public trust and confidence.

It is necessary to systematically enhance the education, skills, work experience and discipline of police personnel so that they can effectively perform their duties. As crime patterns are changing alongside advances in technology, it is essential to effectively utilize digital policing, police technology, forensic science and modern investigative techniques. Crime-related information must also be systematically collected, stored and analyzed to strengthen evidence-based investigations.

The government always places great importance on and recognizes the sacrifices and dedicated service of police personnel. On this occasion, he expressed his pride, respect and appreciation for the courage and efforts of police personnel who faithfully performed duties in their respective fields and sacrificed their lives and limbs in the line of duty. He expressed he paied tribute to the efforts and sacrifices of those police personnel who are currently performing their duties with discipline, courage and a strong sense of responsibility. The President informed that a total of 4,940 police personnel were awarded medals for gallantry and medals for outstanding service from November 2025 to August 2026.

Moreover, on behalf of the people, I would like to thank families of members of the police for their understanding and support for performances romance of duties by the police. On the part of members of the police, they should always be well aware that duties performed by them are important one for security and stability of the country and the people and the rule of law. Therefore, they are urged to continue to perform their duties properly and accountably in accordance with the law. In doing so, all ranks and files of members are also urged to carry out their assigned duties responsibly and relentlessly under the systematic command out of the spirit of family and unity, to build the MPF for its multi-faceted development in accordance with **its motto of being patriotic, capable and modern.** In doing so, each personnel is urged to continuously enhance their capabilities and qualifications to meet standards as they are provided with modern electronic communication and security weapons and equipment in accordance with the requirements of the times and to place emphasis on being a police force that is free from bias and can be relied upon by the people and the country by consistently nurturing themselves to be members of the capable and disciplined police that is loved by the people in performing their duties and to exert efforts to achieve success in upholding "Our Three Main National Causes and four objectives and six tasks of the MPF.

In conclusion, the President wished the MPF health and peace of body and mind, success in performing duties and further development of the MPF into a trustworthy and modern police force by enhancing disciplines, prestige and capabilities starting from the occasion of the MPF day.

Then, the President presented Ye Thuya medals of the MPF to winners including officiating police colonel Kyaw Thu, police captain Myint Zaw and police colonel Yan Naing Tun and a Ye Bala medal to police sergeant Thant Sin Oo. The medals were accepted by the personnel and their family members.

Afterward, Vice President U Nyo Saw presented honorary medals for bravery to three winners and Commander-in-Chief of Defence Services General Ye Win Oo presented honorary medals for bravery to two winners and an honorary medal for performance to a winner. The union minister for Home Affairs presented honorary medals for performance to three winners.

Then, a documentary video clip commemorating the 62nd MPF day was screened.

Afterward, the President and attendees posed for documentary photographs.

Then, the President and attendees observed documentary photographs of regional and state police forces and exhibition booths of police forces commemorating the 62nd MPF day.

**Myawady**

●● FROM PAGE - 24

Malaysia's immigration laws. We are happy to be able to return like this. We want to see our families, as well as our children, spouses, brothers and sisters, and grandparents whom we have been separated from. We know that the Head of State has helped us in this way and that this effort involved not just one person but thousands of people, with spending millions of kyats. We can feel and understand how much effort has been made to help us and what has been done for us. We are grateful to everyone. We would like to thank the State leaders, the immigration authorities, the Navy, the engineering units, and everyone else involved.

**2.** I initially traveled from Ra-mree to Yangon. From Yangon, I proceeded through Maw Daung before eventually making my way to Malaysia. I encountered numerous hardships along the journey. However, upon arriving in Malaysia, I struggled to secure stable employment, moving between various odd jobs. Employers were frequently abusive, which compounded my difficulties.










Coming from an impoverished background, the obstacles we faced were particularly severe. Driven by poverty, I ultimately decided to migrate to Malaysia. I am relieved and grateful to finally be returning home to Myanmar. Those who remain trapped in the detention centers continue to face dire conditions. It is heartbreaking to report that as many Myanmar nationals leave, those left behind are increasingly subjected to physical assault and maltreatment. I express my sincere gratitude to everyone involved, particularly the rescue and repatriation team.

**3.** I have been in Malaysia for about three years. I entered through illegal channels, crossing from Kawthaung into Malaysia. Once I arrived, I worked at an auto repair shop, but things did not go smoothly with my job. Since I didn't have documentation, immigration authorities were arresting many people, and I ended up spending about six months in an immigration detention center. Later, when officials from our Myanmar government came to retrieve us, I joined them. Living and eating inside the center was deeply distressing and exhausting. When the embassy told us we would be returning, we were so happy for about a month. Not knowing for certain whether we would actually get to go back, we were still filled with joy. On the night before our departure, I couldn't sleep at all because I was finally going back to Myanmar. Living outside was fine, but once inside the detention center, the living conditions and food were terrible, and I deeply regretted ever leaving home. After leaving Malaysia, when we reached the port and saw the Myanmar flag, tears welled up in my eyes. The joy was beyond words. This morning, when the senior officers announced that we had entered Myanmar territorial waters, it felt just like arriving back at our own homes; some people even cried. We were overjoyed knowing we were back home. The officials made sure everything on board was comfortable for us. I would like to express my heartfelt gratitude to the Myanmar government, the officials from various regional governments who came to retrieve us, and all the officers on board this ship.

**100**

# War ships of Tatmadaw in accordance with the guidance of the Head of State repatriate Myanmar nationals with facing difficulties returning to Myanmar, who had been detained in immigration detention centres in Malaysia after serving sentences for illegal residence and other immigration-related offences

Conducting body checks on returnee passengers using a Walk-Through Check Gate aboard the Naval Vessel Mottama.





Conducting body checks on returnee passengers aboard the Naval Vessel Mottama.



Providing medical check-ups for returnee passengers.



Returnee passengers taking physical exercises.



Returnee passengers playing games for recreation and relaxation.



Screening films to returnee passengers.

**NAY PYI TAW October 1**

A total of 1,476 verified Myanmar nationals who had been detained at immigration detention centres in Malaysia after serving sentences for illegal residence and other immigration-related violations, and who were facing difficulties returning to Myanmar, were repatriated to Myanmar under the guidance of the Head of State. To bring them back to Myanmar, Navy vessels of Tatmadaw (Navy) comprising war vessels Mottama and Sinbyushin, together with the ocean-going hospital ship Thanlwin, departed Yangon on 24 September under the leadership of officials from Tatmadaw (Navy) and proceeded to Malaysia. The vessels arrived at Lumut Port, Malaysia, on the morning of 28 September. The 1,476 Myanmar nationals who had completed their sentences were systematically accepted by officials of the Myanmar Embassy in Malaysia and the office of the Military Attaché (Army, Navy and Air) from the relevant officials of the Malaysian Immigration Department. Following the handover, the vessels departed Lumut Port, Malaysia, on the evening of 29 September for Yangon, according to an official announcement.

Those Myanmar nationals were warmly welcomed back by the responsible officials. While on board the naval vessels, they have been systematically accommodated and provided with necessary healthcare services and daily meals. For recreation, they have been given opportunities to play games of their choice and watch films and videos, as well as participate in group physical fitness exercises. Tatmadaw members serving aboard the naval vessels and representatives from the relevant ministries are also providing them with necessary clothing and personal-use items.

At a time when the naval vessels entered Myanmar's territorial waters this morning, the Myanmar nationals on board, who had been away from their homeland for a considerable period, expressed their joy by applauding and showing their happiness upon hearing the message that the Head of State and Tatmadaw leaders warmly welcomed them back as their own family members. It was also learned that the returnee Myanmar nationals expressed their heartfelt gratitude to the Head of State for making extensive arrangements for their repatriation and to all officials who have been providing comprehensive assistance with great goodwill and compassion.

The naval vessels are expected to arrive in Yangon, Myanmar, within the next few days. To enable the returnees to reunite with their parents, relatives and families as soon as possible, the relevant Region/State government authorities and family members will be on standby at the port, and arrangements have been made to transport them to their respective homes. It is also reported that continued assistance will be provided to enable them to live peacefully with their families in their own country and to address any further needs they may have.

The voices of those who were repatriated from Malaysia were also heard as follows:

**1.** I worked there. It has been a long time—I arrived there since 1999. Due to various issues and troubles, I ended up getting arrested and returned home. Many of our fellow compatriots are still left behind in prisons and detention centres over there. Please do your best to help bring them home. It has been so long since they were separated from their motherland, and so many people are suffering emotionally. Because we did not know the languages neither English nor Chinese, we faced all kinds of hardships. Only when you go to someone else's country, only when you can speak their language and take the time to learn their culture will the people of Malaysia truly warm up to you. Just like how we would expect people coming to our country to learn our language, when you are in another country, please learn to adapt and live in harmony with their culture. That is what I would like to urge everyone to do. We were arrested and kept at the camps and handed over to the Myanmar Embassy. The Myanmar Embassy then arranged for us to be brought back to Myanmar. Even if we reported something here, we could still be arrested. Whether it was true or not, in this country, there are permits that are valid for one year and permits that are valid for three years. We are allowed to stay only after renewing those permits. Since we had not paid taxes in their country, we were arrested under

SEE PAGE - 23

# ဘင်္ဂလားဒေ့ရှ်တွင် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု ပိုမိုဆိုးရွားလာနိုင်

**ဒါကာ၊ ကျန်းမာရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ် စက်တင်ဘာလအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ အရေအတွက် သိသိသာသာမြင့်တက်ခဲ့ပြီး အောက်တိုဘာလတွင် ရောဂါကူးစက်မှု ပိုမိုဆိုးရွားလာနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက သတိပေးထားသည်။

ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်သော စာရင်းများအရ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် လူ ၂၄၅ ဦးသေဆုံးပြီး ဆေးရုံတက်ရောက်ကုသရသူဦးရေ ၇၉၆၂၀ ဦးရှိသည်။ စက်တင်ဘာလမှာပင် သေဆုံးသူ ၁၄၈ ဦးရှိသဖြင့် ယခုနှစ်အတွင်းသွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုအများဆုံးလဖြစ်လာကြောင်း သိရသည်။

Ref: ST

# ဓားထိုးခံရသော်လည်း လေယာဉ်ပျက်မကျအောင် ထိန်းသိမ်းနိုင်သည့် အိန္ဒိယလေယာဉ်မှူး သူရဲကောင်းအဖြစ်သတ်မှတ်ခံရ

**နယူးဒေလီ၊ ပြည်တွင်းရေး**

ဒူဘိုင်းမှ တဲအဗစ်မြို့သို့ ပျံသန်းလာသည့် Flydubai လေယာဉ်ပေါ်တွင်ဓားဖြင့်တိုက်ခိုက်ခံရပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သော်လည်း လေယာဉ်ပျက်ကျမှုမဖြစ်စေရန် ထိန်းသိမ်းနိုင်ခဲ့သည့် အိန္ဒိယလေယာဉ်မှူး ဆမစ်မက်ချာကို အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီက သူရဲကောင်းတစ်ဦးအဖြစ် သတ်မှတ်ချီးကျူးကြောင်းသိရသည်၊

စက်တင်ဘာလ ၃၀ ရက်တွင် ဒူဘိုင်းမှ တဲအဗစ်မြို့သို့ ပျံသန်းလာသည့် FZ1073 လေယာဉ်ပေါ်၌ မက်ချာနှင့် ပူးတွဲလေယာဉ်မှူးတို့ကြား အငြင်းပွားမှုဖြစ်ပွားပြီးနောက် ပူးတွဲလေယာဉ်မှူးက မက်ချာကို



ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်အတွင်း လေယာဉ်မှာအမြင့်ပေ ၁၇၀၀၀ ကျော် ရုတ်တရက်ထိုးဆင်းသွားသည်။

ယင်းနောက်တွင် မက်ချာသည် ဓားဒဏ်ရာရရှိထားသော်လည်း လေယာဉ်မောင်းအခန်းတံခါးကို ဖွင့်ကာ ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများက တိုက်ခိုက်သူကို ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် ခရီးသည်အဖြစ် လိုက်ပါလာသည့် Flydubai လေယာဉ်မှူးနှစ်ဦးက လေယာဉ်ကို ထိန်းချုပ်ကာ ဆော်ဒီအာရေဗျနိုင်ငံရှိ တာဘတ်မြို့သို့ အရေးပေါ်ဆင်းသက်နိုင်ခဲ့သည်။

ထိုလေယာဉ်ပေါ်တွင် ခရီးသည် ၁၇၄ ဦးလိုက်ပါလာပြီး အားလုံး အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။ မက်ချာသည် လက်ရှိတွင် တာဘတ်မြို့ရှိဆေးရုံ၌ ဆေးကုသမှုခံယူနေပြီး အခြေအနေတည်ငြိမ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီသည် မက်ချာ၏ ရဲစွမ်းသတ္တိနှင့် တာဝန်ကျေပွန်မှုကို ချီးကျူးခဲ့ပြီး ၎င်း၏ လုပ်ရပ်သည် လေယာဉ်ပေါ်ပါ ခရီးသည်များ၏ အသက်ကိုကယ်တင်ရာတွင် အရေးပါခဲ့ကြောင်း ပြောသည်၊ လေယာဉ်ပေါ်တွင် တိုက်ခိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

Ref: Xinhua



# ရုရှားနယ်စပ်အနီး နျူကလီးယားလက်နက်ချထားရန်ကြိုးပမ်းမှု လုံခြုံရေးတိုးတက်စေမည်မဟုတ်ဘဲ တင်းမာမှုသာဖြစ်စေမည်

**မော်စကို၊ လုံခြုံရေး**

ရုရှားနိုင်ငံ၏ နယ်စပ်အနီးတွင် နျူကလီးယားလက်နက်များကို ချထားခြင်းဖြင့် မိမိတို့၏လုံခြုံရေးကို ပိုမိုခိုင်မာစေနိုင်မည်ဟု ယူဆနေခြင်းမှာ မှားယွင်းသည့်အယူအဆဖြစ်ပြီး ယင်းလုပ်ရပ်သည် လုံခြုံရေးတိုးတက်စေမည့်အစား တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်ကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က အောက်တိုဘာလ ၁ ရက်တွင်ပြောသည်။

ရုရှားနိုင်ငံ၏နယ်စပ်အနီး နျူကလီးယားလက်နက်များကို ဖြန့်ကြက်ထားရှိခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် ပက်စကော့က ယင်းကဲ့သို့လုပ်ဆောင်ခြင်းသည် လုံခြုံရေးကိုရရှိစေမည့် နည်းလမ်းမဟုတ်ကြောင်း ပြောခြင်းဖြစ်သည်၊ ထို့ပြင် နျူကလီးယားလက်နက်များကို တစ်ဖက်နှင့်တစ်ဖက် နီးကပ်စွာဖြန့်ကြက်ထားခြင်းသည် အပြန်အလှန်အန္တရာယ်နှင့် မတော်တဆထိပ်တိုက်တွေ့ဆုံမှု ဖြစ်နိုင်ခြေကို ပိုမိုမြင့်တက်စေနိုင်ကြောင်း ပက်စကော့ကဆက်ပြောသည်။

ရုရှားနိုင်ငံနှင့် အနောက်နိုင်ငံများကြား လုံခြုံရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အဆိုပါပြောဆိုချက်ထွက်ပေါ်လာခြင်းဖြစ်သည်၊ အထူးသဖြင့် NATO တပ်ဖွဲ့၏ အရှေ့ဘက်စစ်နယ်ဝန်းကိုတိုးချဲ့မှုနှင့် ဥရောပတွင် တာဝေးပစ်လက်နက်များ ဖြန့်ကြက်ထားရေးကိစ္စများကို ရုရှားနိုင်ငံ၏လုံခြုံရေးအတွက်စိုးရိမ်စရာတစ်ခုအဖြစ် ရုရှားအစိုးရက ရှုမြင်ထားသည်။

တစ်ဖက်တွင်လည်း ရုရှားနိုင်ငံသည် နျူကလီးယားစွမ်းရည်များကို ခေတ်မီအောင်ပြင်ဆင်နေပြီး ကာလီနင်ဂရက်အပါအဝင် အနောက်ဘက်ဒေသများရှိ နျူကလီးယားဆိုင်ရာ အခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်လျက်ရှိကြောင်း ဂြိုဟ်တုဓာတ်ပုံများအပေါ် အခြေခံ၍ အနောက်အုပ်စုများက ထုတ်ပြန်ထားသည်။

Ref: Sputnik

# အီရတ်မှ အမေရိကန်ထွက်ခွာမှု သမိုင်းဝင်အောင်ပွဲဖြစ်ဟု အီရန်ပြော

**တီဟီရန်၊ စစ်ရေး**

အီရတ်နိုင်ငံမှအမေရိကန်တပ်ဖွဲ့များ အပြီးသတ်ထွက်ခွာသွားခြင်းသည် အစ္စလာမ်မစ်တော်လှန်ရေးတပ်ဖွဲ့များနှင့် အီရတ်ပြည်သူများအတွက် သမိုင်းဝင်အောင်ပွဲဖြစ်ပြီး အီရတ်အပေါ် ဩဇာလွှမ်းမိုးရန် အမေရိကန်၏ ကြိုးပမ်းမှုမှာ ရှုံးနိမ့်သွားပြီဖြစ်ကြောင်း အီရန်နှင့် အီရန်ကျောထောက်နောက်ခံပြု အီရတ်လက်နက်ကိုင်အဖွဲ့များက ပြောသည်။

အမေရိကန်တပ်ဖွဲ့များက စက်တင်ဘာလ ၃၀ ရက်တွင် အီရတ်မြောက်ပိုင်း အာဘီဒေသမှ နောက်ဆုံးတပ်ဖွဲ့ဝင်များနှင့် စစ်သုံးပစ္စည်းများကိုရုပ်သိမ်းပြီး အီရတ်အတွင်း ၁၂ နှစ်ကြာ ပြုလုပ်သည့် IS တိုက်ဖျက်မှုစစ်ဆင်ရေးကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။ အဆိုပါထွက်ခွာမှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်နှင့် အီရတ်တို့ သဘောတူခဲ့သည့် အဆင့်လိုက် တပ်ရုပ်သိမ်းရေး အစီအစဉ်အရ လုပ်ဆောင်ခြင်းဖြစ်သည်။

အီရန်လွှတ်တော် အမျိုးသားလုံခြုံရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ အမီရာဟာယတ် မိုကဒမ်က အမေရိကန်တပ်များ ထွက်ခွာပြီးနောက် အီရတ်တွင် လုံခြုံရေးနှင့် တည်ငြိမ်မှု ပိုမိုခိုင်မာလာမည်ဟုပြောသည်။

အလားတူ အီရန်နှင့် နီးစပ်သည့် အီရတ် အစ္စလာမ် မစ် တော်လှန်ရေးအစောင့်တပ်ဖွဲ့ခေါင်းဆောင် အဘူ မိုဂျတာဘာ အယ်လယာဆီရီကလည်း အမေရိကန်တပ်များ၏ ထွက်ခွာမှုကို သမိုင်းဝင်အောင်ပွဲနှင့် အမေရိကန်စီမံကိန်း၏ ဆုံးရှုံးမှုဟု ခေါ်ဆိုထားကြောင်း သိရသည်။

Ref: RT



# လူမှုကွန်ရက်များကြောင့် ဒီမိုကရေစီထိခိုက်လာဟု စစ်တမ်းကဖော်ပြ

**ဝါရှင်တန်၊ နိုင်ငံရေး**

လူမှုကွန်ရက်များက ကောလာဟလနှင့် သတင်းအမှားများ ပျံ့နှံ့စေခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း သဘောထားကွဲပြားမှုများ ပိုမိုဖြစ်ပေါ်စေခြင်းတို့ကြောင့် ဒီမိုကရေစီအပေါ် ထိခိုက်မှုရှိလာသည်ဟု ယုံကြည်သူများတိုးလာကြောင်း Pew Research Center ၏ နောက်ဆုံးစစ်တမ်းကဖော်ပြထားသည်။

စစ်တမ်းတွင် နိုင်ငံ ၃၇ နိုင်ငံမှ လူပေါင်း ၄၅၀၀၀ ကျော် ပါဝင်ခဲ့ပြီး အမေရိကန်နိုင်ငံမှလည်း လူ ၅၅၁၁ ဦးကို သီးခြားမေးမြန်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်တွင် ဖြေဆိုသူ ၆၄ ရာခိုင်နှုန်းက လူမှုကွန်ရက်များသည် ဒီမိုကရေစီအတွက် ထိခိုက်စေသည်ဟုဖြေဆိုသည်။ ထို့ပြင် အချက်အလက်ဟောင်းများနှင့် နှိုင်းယှဉ်နိုင်သည့် နိုင်ငံ ၂၆ နိုင်ငံအနက် ၁၆ နိုင်ငံတွင် လူမှုကွန်ရက်များကို ဒီမိုကရေစီအတွက် မကောင်းဟု မြင်သူများတိုးလာသည်။

သို့သော် ဖြေဆိုသူအများစုကမူ လူမှုကွန်ရက်များသည် သတင်းအချက်အလက်ရရှိစေရန်နှင့် နိုင်ငံရေးအမြင်များကို ထုတ်ဖော်ပြောနိုင်ရန်အထောက်အကူပြုနေဆဲဖြစ်သည်ဟုဆိုသည်။

Ref: ST

# ဩစတြေးလျ မြို့တော်နယ်မြေတွင် တောမီးရာသီစတင်

**ကန်ဘာရာ၊ သဘာဝဘေး**

ဩစတြေးလျမြို့တော်နယ်မြေ (ACT) တွင် ၂၀၂၆-၂၀၂၇ ခုနှစ် တောမီးရာသီသည်အောက်တိုဘာလ ၁ ရက်တွင် စတင်ပြီဖြစ်ကြောင်းနှင့် ပူပြင်းသည့်နွေရာသီကို ရင်ဆိုင်ရဖွယ်ရှိသဖြင့် တောမီးအန္တရာယ်မြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

တောမီးရာသီအတွင်း နယ်မြေ၌မီးဘေးအန္တရာယ်အဆင့်များကို နေ့စဉ်ထုတ်ပြန်သွားမည်ဖြစ်ပြီး အခြေအနေအရ နေအိမ်ပြင်ပတွင် လုံးဝမီးမရှို့ရအမိန့်များကိုလည်း ထုတ်ပြန်နိုင်ကြောင်း သိရသည်။ ယခုတောမီးရာသီသည် ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်အထိ တည်ရှိနေမည်ဖြစ်သည်။

ယခုနှစ်တွင် ပြည်သူများအနေဖြင့် နေအိမ်ပတ်ဝန်းကျင်ရှိ ခြောက်သွေ့နေသောအပင်များနှင့်သစ်ရွက်ခြောက်များကို ရှင်းလင်းထားရန်၊ မီးလောင်လွယ်သည့်ပစ္စည်းများကို နေအိမ်နှင့်ဝေးရာတွင်ထားရန်နှင့် မီးဘေးသတိပေးချက်များကို အမြဲစောင့်ကြည့်ရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။

Ref: Xinhua

# အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နည်းပြ(နည်းစနစ်)မွမ်းမံသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နည်းပြ (နည်းစနစ်)မွမ်းမံသင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၆ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ ရက်ပေါင်း ၉၁ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး အကောင်းဆုံးစံပြ ထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆုများနှင့် ငွေသားဆုများကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားနှစ်ဦးအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဆေးခန်း၊ မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်လေ့ကျင့်ရေးရုံတွင်လက်ရွေးစင်ကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကိုသွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ကရာတေး၊ ဝူရှူး၊ ခရစ်ကက်၊ တက်ဂ်ဘော၊ ဘိလိယက်နှင့်စနူကာ၊ သေနတ်ပစ်အားကစားအဖွဲ့များ၊ (၅)ကြိမ်မြောက်အာရှမသန်စွမ်း အားကစားပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရန် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားအဖွဲ့များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားအားထုတ်လေ့ကျင့်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက်တစ်ဆင့် မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်သိမ်ဖြူလက်ဝှေ့ရုံနှင့် ဟော်ကီအားကစားအဖွဲ့ချုပ်တို့ကိုသွားရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်လမ်းရှိ Novotel Yangon Max Hotel ၌ကျင်းပသည့်အကြိမ်(၂၀)မြောက်အာရှအားကစားပြိုင်ပွဲနှင့် (၆)ကြိမ်မြောက် အာရှသဲသောင်ပြင် ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်တက်ဂ်ဘော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် မြန်မာတက်ဂ်ဘောအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်သိန်း ၆၀၀၊ မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်သိန်း ၆၀၀၊ ရောဝတီဘဏ်မှ ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်သိန်း ၆၀၀၊ ကမ္ဘောဇဘဏ်က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်သိန်း ၃၀၀၊ Rio Commodity Co.,Ltd. က ဂုဏ်ပြုချီးမြှင့်သည့်ငွေကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က ဂုဏ်ပြုချီးမြှင့်သည့်ငွေကျပ်သိန်း ၆၀၀ စုစုပေါင်းငွေကျပ်သိန်း ၂၉၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sanya မြို့တွင် ဧပြီလ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာရှသဲသောင်ပြင် ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုသုံးခုရရှိခဲ့သည့် မြန်မာတက်ဂ်ဘောအသင်းအား မြန်မာနိုင်ငံတက်ဂ်ဘော အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်သိန်း ၃၀၀ စုစုပေါင်းငွေကျပ် သိန်း ၃၂၀၀ တို့ကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာ့လက်ရွေးစင် တက်ဂ်ဘောအသင်း အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများထံ ပေးအပ်ကြကြောင်း သိရသည်။

**မြဝတီ**

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ်ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၂၅ နှစ်ချမှတ်ပြီး တိမ်းရှောင်တရားခံများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်းမြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးချဉ်ပိုင်းကျေးရွာနေ အမျိုးသမီးတစ်ဦးကို မူဆယ်မြို့နေ မျိုးအေး(ခ)မျိုးအောင်၊ နန်းမိုး(ခ)ရတနာ(ခ)ပလောင်မနှင့် မိုင်းအိုက်ရီတို့ သုံးဦးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိ အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်ရမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ယောကျ်ားထံ ငွေကျပ် သိန်း ၉၀ ဖြင့် ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်း(ပ)၁၆၄/၂၀၂၆၊လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာလ ၂၄ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ တရားခံ မျိုးအေး(ခ)မျိုးအောင်၊ နန်းမိုး(ခ)ရတနာ(ခ)ပလောင်မနှင့် မိုင်းအိုက်ရီတို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ကျေးရွာနေ အမျိုးသမီးနှစ်ဦးအား တစ်ရွာတည်းနေ ဒေါ်နီလာ(ခ)နီလာဝင်းနှင့် ခင်ပွန်းဖြစ်သူ ဦးချမ်းမြေ့အောင်တို့က တရုတ်နိုင်ငံရှိအထည်ချုပ်စက်ရုံတွင် လုပ်ကိုင်ပါက ငွေကျပ် ၁၅ သိန်းခန့် ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး လားရှိုးမြို့ရှိ မခိုင်ဝင်းထွေးထံသို့ ချိတ်ဆက်ပို့ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် သရက်ပင်ချောင်နယ်မြေရဲစခန်း (ပ) ၁၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာလ ၂၄ ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်နီလာ(ခ)နီလာဝင်းနှင့် ဦးချမ်းမြေ့အောင်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံ မခိုင်ဝင်းထွေးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဘူတာစုကျေးရွာနေ အမျိုးသမီးနှစ်ဦးကို မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ဌေးဝင်းခိုင်(ခ)မခိုင်မှ ကျိုင်းတုံမြို့ရှိစားသောက်ဆိုင်တွင် အလုပ်လုပ်ပါက တစ်လ ငွေကျပ်၄/၅ သိန်းရရှိမည်ဟု ပြောဆိုစည်းရုံးပြီး ကျိုင်းတုံမြို့သို့ ခေါ်ဆောင်ကာ တင်မောင်(ခ)တိုးတက်အောင်နှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်တစ်မြို့ရှိ ပြည့်တန်ဆာနေအိမ်သို့ ပို့ဆောင်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် သစ်ပုတ်ပင်နယ်မြေရဲစခန်း (ပ)၄/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာလ ၂၅ ရက်တွင် လယ်ဝေးခရိုင်တရားရုံးမှ တရားခံ ဒေါ်ဌေးဝင်းခိုင်(ခ)မခိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ တင်မောင်(ခ) တိုးတက်အောင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အာလစီဝန်းနေ အမျိုးသားတစ်ဦးအား မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နေ နိုင်ဝင်းအောင်(ခ)နိုင်နိုင်(ခ)စလေမန်ကြီး၊ မအိအိမွန်(ခ) မိမွန်၊ ကြည်နိုင်နှင့် ကျော်သီရိလှိုင်တို့ လေးဦးမှ ကျောက်ကပ်အစားထိုးကုသရန်အတွက် ကျောက်ကပ်ထုတ်ပေးပါက ငွေကျပ်သိန်း ၁၀၀ ပေးမည်၊ ဆေးစစ်ပေးမည်၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးမည်၊ တည်းခိုစရိတ်နှင့်လက်မှတ်ခများအကုန်ကျခံပေးမည်ဟုပြောဆိုစည်းရုံးပြီး အိန္ဒိယနိုင်ငံသို့သွားရန် ရန်ကုန်လေဆိပ်သို့ ခေါ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် မင်္ဂလာဒုံမြို့မရဲစခန်း (ပ) ၁၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(ခ)၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာလ ၂၉ ရက်တွင်မင်္ဂလာဒုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ နိုင်ဝင်းအောင်(ခ)နိုင်နိုင်(ခ)စလေမန်ကြီး၊ မအိအိမွန်(ခ)မိမွန်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့်တိမ်းရှောင်တရားခံကြည်နိုင်နှင့်ကျော်သီရိလှိုင်တို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၇၂၆၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်အောက်တိုဘာလ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၆၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရှိရသည်။

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**မြဝတီ**

## ၁-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သဘာဝမြေဩဇာပြုလုပ်သုံးစွဲပေး

မူမူ(မလှိုင်)

သဘာဝမြေဩဇာဆိုသည်မှာ သက်ရှိသတ္တဝါနှင့်အပင်တို့၏ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများ၊ အဏုဇီဝပိုးများ၏ အကူအညီဖြင့်ဆွေးမြည့်စေပြီး အပင်များမှ အသင့်စားသုံးနိုင်သည့် အာဟာရဓာတ်များရရှိစေရေးအတွက် ပြုပြင်စီမံ၍ရရှိလာသောပစ္စည်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ မှိုစိုက်ပျိုးမွေးမြူပြီး ထွက်ရှိလာသော မှိုမျိုးပွားပြင်၊ မှိုပွားစာများကိုလည်း သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်သည်။ ဆွေးမြည့်ရန်လွယ်ကူသဖြင့် သဘာဝမြေဆွေးကောင်းကောင်းရရှိနိုင်သည်။



**သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများမှာ**

သဘာဝမြေဩဇာများသည် ဓာတ်မြေဩဇာများလောက် အာဟာရဓာတ်ပါဝင်မှု မများသော်လည်း မြေဆီလွှာ ထက်သန်ကောင်းမွန်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်သည်။ မြေဆီလွှာထက်သန်ကောင်းမွန်စေရန်လိုအပ်သောသစ်ဆွေးဓာတ်များကိုပေးနိုင်ခြင်း၊ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ မြေသားဖွဲ့စည်းမှုပိုမိုကောင်းမွန်စေခြင်း၊ စေးသောမြေကိုဖွယ်စေ၍ဖွယ်သောမြေကိုစေးစေခြင်း၊ မြေဆီလွှာအတွင်း မြေကျပ်မှုဖြစ်ပေါ်ခြင်းကိုလည်းဟန့်တားထားနိုင်ခြင်း၊ မြေဆီလွှာအတွင်းအစိုဓာတ်ကို ပိုမိုထိန်းသိမ်းထားနိုင်ခြင်း၊ ရေထိန်းစွမ်းအားကောင်းစေခြင်း၊ မြေ၏ အချဉ်အငန်(pH)ဓာတ်ကိုထိန်းညှိပေးခြင်း၊ မြေတွင်း အဆိပ်အတောက်များကို ဓာတ်ပြယ်စေခြင်း၊ အပင်အတွက် လိုအပ်သောအာဟာရဓာတ်များကိုဖြည်းဖြည်းနှင့် မှန်မှန်ပေးနိုင်ခြင်း၊ သီးနှံပင်အမြစ်များအတွက် လေဝင်လေထွက်ကောင်းမွန်စေခြင်း၊ အပင်အတွက် အဓိကလိုအပ်သော အာဟာရဓာတ်အပြင် အနည်းလိုအာဟာရဓာတ်များပါ ပါဝင်သဖြင့်အရည်အသွေးပြည့်ဝသောသီးနှံများထုတ်လုပ်နိုင်ခြင်း၊ ပမာဏများများ ထည့်သွင်းသော်လည်း အပင်များအား ဓာတ်မြေဩဇာကဲ့သို့လောင်ကျွမ်းမှုမဖြစ်ပေါ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများထုတ်လုပ်နိုင်ခြင်း၊ သဘာဝမြေဩဇာကို အသုံးပြုခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမဖြစ်ပေါ်ခြင်း၊ ဓာတ်မြေဩဇာဝယ်ယူရသည့်ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း အကျိုးကျေးဇူးများရရှိနိုင်သည်။

အသုံးပြုနိုင်သောကုန်ကြမ်းပစ္စည်းများမှာ သီးနှံပင်တို့၏ အကြွင်းအကျန်များ (ကောက်ရိုး၊ ဂျုံရိုး၊ ပဲရိုး၊ ပြောင်းဖူးရိုး၊ ပြောင်းဖူးအူတိုင်၊ နှမ်းရိုး၊ ငှက်ပျောအူတိုင်၊ ပဲဖတ်ခွံ၊ မြေပဲခွံ၊ ဗေဒါ၊ ပေါင်းပင်များ၊ လွှစာမှုန့်)၊ တိရစ္ဆာန်ချေး (နွားချေး၊ မြင်းချေး၊ ဝက်ချေး၊ ကြက်ချေး၊ ဘဲချေး) စသည်တို့ကို အသုံးပြုနိုင်သည်။



ပုံ(၁)သီးနှံစွန့်ပစ်ပစ္စည်းများအား စုပုံခြင်း



ပုံ(၂)အလွှာလိုက်စီထပ်ခြင်း

**သဘာဝမြေဩဇာပြုလုပ်ပုံအဆင့်ဆင့်**

အော်ဂဲနစ်ပစ္စည်းများနှင့် တိရစ္ဆာန်အညစ်အကြေးများကို အလွှာလိုက်စုပုံရသည်။ ထိုသို့စုပုံရာ၌ စုပုံရမည့် အလွှာထပ်များအား အောက်ပါအတိုင်း အခြေခံအားဖြင့် စုပုံနိုင်သည်။ ပထမအလွှာတွင် သီးနှံပင်အရိုး အရွက်ခြောက်များကို ၈ လက်မမှ ၁၀ လက်မခန့် အထူရသည်အထိ ဖြန့်ခင်းရသည်။

ဆွေးမြည့်စေရန် အကူပစ္စည်းများအဖြစ် နုန်းမြေမှုန့်၊ နွားချေးနှင့် ပြာမှုန့်များကို ရေတွင်ပျစ်ပျစ်ဖျော်၍အပုံပေါ်သို့ ပက်ဖျန်းပေးရမည်။ ဒုတိယအလွှာတွင် စိမ်းစိုသောပေါင်းမြက်များ၊ အရွက်များ၊ ပင်စည်များ၊ သစ်သီးပုပ်များ၊ အပင်ကြီးများမှ အကိုင်း၊ အခက်၊ အရွက်များကို ဓားဖြင့်စဉ်း၍ အသုံးပြုနိုင်သည်။ အလွှာ၏ထုမှာ ၈ လက်မမှ ၁၀ လက်မအထိ ရှိရမည်။ ထိုအလွှာပေါ်တွင် ရေလောင်းရန်မလိုပါ။ တတိယအလွှာတွင် နွားချေး၊ ကြက်ချေး၊ ဝက်ချေး စသည်များကို အခြောက်ဖြစ်စေ၊ အစိုဖြစ်စေနှစ်မျိုးစလုံးကို မြေကြီး၊ သစ်ဆွေးများနှင့် ရောနှော၍ ၂ လက်မမှ ၄ လက်မထိ ရရှိအောင် ပြုလုပ်ပါ။ အကယ်၍ တိရစ္ဆာန်အညစ်အကြေး အနည်းငယ်သာရရှိနိုင်ပါက ရေဖျော်၍ ၁ လက်မမှ ၂ လက်မခန့်အထူရရှိအောင် လောင်းပေးပါ။

အလွှာများကို အစဉ်အတိုင်း တစ်ထပ်ပြီး တစ်ထပ်စုပုံပြီး ၃ ပေခွဲ ၄ ပေခန့် မြင့်သည်အထိ လိပ်ခုံးပုံသဏ္ဍာန် စုပုံရမည်။ မြေဆွေးပုံ၏ အမြင့်သည် ၄ ပေခွဲ ကျော်ပါက အောက်ဆုံးလွှာရှိ အဏုဇီဝများ ကောင်းစွာအလုပ်မလုပ်၍ ဆွေးမြည့်မှုနောက်ကျမည်ဖြစ်သည်။ မြေဆွေးပုံတွင် လေဝင်လေထွက်ကောင်းမွန်စေရန်အတွက် ဒေါင်လိုက် ဝါး သို့မဟုတ် တုတ်များ စိုက်ထားရမည်။

မြေဆွေးပုံ အစိုဓာတ်ရရှိစေရန်နှင့် တိရစ္ဆာန်များ မဖျက်ဆီးနိုင်ရန်အတွက် အကာအကွယ်ပေးရန် လိုအပ်ပါသည်။ မြေဆွေးပုံကိုမိုးရေများ စိမ့်မဝင်စေရန်နှင့် အပူဓာတ်ထိန်းသိမ်းရန် ရွှံ့စေး သို့မဟုတ် ပလတ်စတစ်ဖြင့် ဖုံးအုပ်ထားပါ။ မြေဆွေးပုံမပျက်စီးစေရန် အောက်ခြေတွင် ကျောက်တုံးများစီခြင်း သို့မဟုတ် အကာအရံပြုလုပ်ခြင်းဆောင်ရွက်ပါ။

မြေဆွေးပုံ၏ အလယ်သားများ ဆွေးမြည့်လာပါက အပုံကို အထက်အောက်လှန်ပေးပြီး ရေအနည်းငယ်ဖျန်းပေးပါ။ ယခင်မြေဆွေးပုံအမြင့်၏ တစ်ဝက်ခန့်ရှိ၍ အတွင်းသားအရောင်ညိုမည်းကာ အနံ့ဆိုးများ ပျောက်သွားပါက သဘာဝမြေဩဇာအဖြစ် သုံးစွဲနိုင်ပြီဖြစ်သည်။

**မြေဆွေးပုံပြုလုပ်စဉ် အရေးကြီးဂရုပြုသင့်သောအချက်များမှာ**

➡ မြေဆွေးပုံသည် ထည့်ပေးထားသည့် သီးနှံအကြွင်းအကျန်၏ အမျှင်ဓာတ်များမှု (ပွရွမှု)အရ အစိုဓာတ်ပျောက်ဆုံးလွယ်မှု၊ ထိန်းထားနိုင်မှုကွာခြားတတ်၍ အနည်းဆုံး အစိုဓာတ် ၄၀ ရာခိုင်နှုန်း စိုစွတ်နေရန်ဂရုစိုက်ပေးရမည်။

**စာမျက်နှာ ၂၈ သို့** ◆




ပုံ(၃-က)မြေဆွေးပုံအရွယ်အစား



ပုံ(၃-ခ)လိပ်ခုံးပုံမြေဆွေးပုံပြုလုပ်ခြင်း

◆ စာမျက်နှာ ၂၇ မှ

➡ မိုက်ခရုတ်များသည် အပူချိန် ၁၃၀ ဒီဂရီဖာရင်ဟိုက်(၅၅ ဒီဂရီစင်တီဂရိတ်)ထိခံနိုင်ရည်ရှိ လှုပ်ရှားနိုင်ကြပြီး အပူချိန် ၁၆၀ ဒီဂရီဖာရင်ဟိုက်(၇၁ ဒီဂရီစင်တီဂရိတ်)တွင် မလှုပ်ရှားနိုင်ကြ၍မြေဆွေးပုံ၏အပူချိန်ကို ထိန်းညှိပေးရန် လိုအပ်သည်။

➡ မြေဆွေးပုံဆွေးမြည့်မှု မြန်ဆန်စေရန် သီးနှံပင် အရိုးအရွက်ခြောက်များကို စိမ်းစိုသောအပင်အရိုးအရွက်များနှင့် (၄ : ၁)နှုန်း ရောစပ်ပုံပေးပါ။



ပုံ(၄) မြေဆွေးပုံအား ပလတ်စတစ်ဖြင့် ဖုံးအုပ်ခြင်း



ပုံ(၅) ကောင်းမွန်သောမြေဆွေး

**သဘာဝမြေသြဇာများတွင်ပါဝင်သောအာဟာရဓာတ်များ**

| ကုန်ကြမ်းပစ္စည်း | နိုက်ထရိုဂျင် N% | ဖော့စဖရပ် P2O5% | ပိုတက် K2O% | C:N | O.M % |
|---|---|---|---|---|---|
| ကောက်ရိုး | ၀.၇၇ | ၀.၂၂၆ | ၃.၅၄၉ | ၆၆.၃၄ | ၈၈.၀၈ |
| နွားချေး | ၂.၀၆၅ | ၁.၄၁၃ | ၀.၂၈၄ | ၁၂.၃၂ | ၄၃.၈၇၅ |
| ကြက်ချေး | ၁.၁၉ | ၁.၈၉ | ၀.၅၃၂ | ၁၈.၀၃ | ၃၇.၀၁ |
| ပြောင်းရိုး | ၀.၄၁၅ | ၀.၀၀၄၂ | ၀.၁၄၀ | ၁၃၇.၄၂ | ၉၈.၃၃၂ |
| နှမ်းရိုး | ၀.၇၂၇ | ၀.၄၈၉ | ၀.၆၃၃ | ၇၅.၄၈ | ၉၄.၆၂ |
| ဖွဲ | ၂.၁ | ၁.၂၂ | ၁.၅၆၂ | ၂၄.၆ | ၈၉.၀၇၅ |
| လွှစာမှုန့် | ၀.၂၁ | ၀.၀၀၉ | ၀.၀၈၈ | ၂၇၃.၈၇ | ၉၉.၁၆ |

ကိုးကား - သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများလက်စွဲ (မြေအသုံးချရေးဌာနခွဲ, ၂၀၁၉)

➡ ပုံမှန် မြေဆွေးတစ်ပုံတွင် ပျမ်းမျှအားဖြင့် အရိုးအရွက်ခြောက်နှင့် စိမ်းစိုသောအပင် အရိုး အရွက်များအချိုး (၃၀ : ၁) နှုန်းရှိသင့်သည်။

➡ ဒေသအလိုက် အလွယ်တကူ ရရှိနိုင်သော သီးနှံအကြွင်းအကျန်ပစ္စည်းများ၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ သဘာဝမြေသြဇာထုတ်လုပ်သုံးစွဲခြင်းအားဖြင့် ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းဆောင်ရွက်နိုင်သော စိုက်ပျိုးထုတ်လုပ်မှုစနစ်ကိုအထောက်အကူပြုနိုင်သည့်အတွက် သဘာဝမြေသြဇာကိုပြုလုပ်သုံးစွဲသင့်သည်။

သီးနှံပင်များအတွက် အာဟာရဓာတ်ပိုမိုရရှိစေရန်ရည်ရွယ်၍ ဓာတ်မြေသြဇာများကို သုံးစွဲရမည့်ပမာဏထက် ပိုမိုသုံးစွဲခြင်း၊ အချိုးညီစွာအသုံးမပြုခြင်းစသည့် လွဲမှားသော နည်းစနစ်များဖြင့် သုံးစွဲခြင်းများကြောင့် စိုက်ပျိုးမြေများအတွင်း မြေဆီလွှာပျက်စီးလာခြင်းနှင့် ညစ်ညမ်းမှုများဖြစ်ပေါ်လာခြင်းစသည့် ဆိုးကျိုးများဖြစ်ပေါ်မှုကို လျော့နည်းစေရန် မိမိတို့စိုက်ပျိုးသောသီးနှံများ၏စွန့်ပစ်ပစ္စည်းများ၊ ဘေးထွက်ပစ္စည်းများကို အသုံးပြု၍ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းကို အများပြည်သူသိရှိစေရေး ရေးသားဖော်ပြလိုက်ရပါသည်။ ။

## ပဲခူးမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ



ပဲခူး အောက်တိုဘာ ၁

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သက်ကြီးပုဂ္ဂိုလ်များ၏အရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး သက်ကြီးပုဂ္ဂိုလ်များအပေါ် လေးစားကြည်ညိုတတ်သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များလက်ဆင့်ကမ်းထိန်းသိမ်းကြစေလိုကြောင်း ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြို့လှ(၅)ရပ်ကွက်တွင် နေထိုင်လျက်ရှိသော အသက်(၁၁၈) နှစ်ရှိ အဘွား ဒေါ်ဖာတမာနှင့် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကင်မွန်းခြံကျေးရွာတွင် နေထိုင်လျက်ရှိသော အသက်(၁၁၅)နှစ်ရှိ အဘိုး ဦးကြင်လေးတို့ကိုယ်စား ဂုဏ်ပြုကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများအား ဂုဏ်ပြုကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဥသျှောတိုင်းသား**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၀-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၄၀ | ၄၆၉၅ | ၄၆၅၀ | ၄၅၅၅ | ၄၇၀၀ | ၄၇၁၅ | ၄၇၅၀ | ၄၆၂၅ | ၄၉၉၅ | ၅၀၂၅ | ၄၆၅၀ | ၄၈၀၀ | ၄၇၄၀ | ၄၆၉၅ | ၄၇၀၅ | ၄၉၃၅ |
| 95 Ron | ၄၇၃၀ | ၄၈၈၅ | ၄၈၃၅ | ၄၇၄၅ | ၄၈၉၀ | ၄၉၀၅ | ၄၉၃၅ | ၄၈၁၅ | ၅၁၈၅ | ၅၂၁၅ | ၄၈၃၅ | ၄၉၈၅ | ၄၉၂၅ | ၄၈၈၅ | ၄၈၉၅ | ၅၁၂၅ |
| HSD (500 ppm) | ၄၈၁၅ | ၄၉၆၅ | ၄၉၁၅ | ၄၈၃၀ | ၄၉၇၀ | ၄၉၈၀ | ၅၀၁၅ | ၄၉၀၀ | - | ၅၂၈၀ | ၄၉၁၅ | ၅၄၆၀ | ၅၀၀၅ | ၄၉၆၅ | ၄၉၇၅ | ၅၁၉၅ |
| HSD (50 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၅ | ၅၈၁၅ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၅ | ၆၂၅၀ | ၆၂၈၀ | ၅၉၀၅ | ၆၀၅၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၅ | ၆၁၉၀ |
| HSD (10 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၅ | ၅၈၁၅ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၅ | | ၆၂၈၀ | ၅၉၀၅ | ၆၀၅၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၅ | ၆၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၈ | ၄၄၃၈ |
| 95 Ron | ၄၄၉၉ | ၄၆၂၃ |
| HSD (500 ppm) | ၄၅၉၈ | ၄၇၂၀ |
| HSD (50 ppm) | ၅၅၃၃ | ၅၆၇၄ |
| HSD (10 ppm) | ၅၅၃၃ | ၅၆၇၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## (၂)နှစ်ပြည့်မင်္ဂလာမွေးနေ့ဆုတောင်း

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှာကျရောက်သော သမီး မယွန်းအိန္ဒြာထွန်း၏ (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင် ဖေဖေ၊ မေမေတို့အပေါ် သိတတ်လိမ္မာသော သမီးအလိမ္မာလေး ဖြစ်ပါစေ။ တိုင်းပြည်အကျိုး၊ သာသနာ့အကျိုးသယ်ပိုးနိုင်သောသမီး အလိမ္မာလေးဖြစ်ပါစေ။ နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်မှုများပိုင်ဆိုင် ပါစေလို့ ဖေဖေ၊ မေမေတို့က ဆုတောင်းပေးလိုက်ပါသည်။

ဖေဖေ - ဦးရဲထက်ဇော်

မေမေ - ဒေါ်အိရွှေစင်ထွန်း

---

**ANNOUNCEMENT ON CAPITAL REDUCTION OF TESCO YANGON COMPANY LIMITED**

**(Under Section 116 (i)of Myanmar Companies Law)**

Notice is hereby given that the Shareholders of the Company have resolved to reduce its Share Capital of Total Number of Shares from (9250) Shares equivalent to Amount Paid on these Shares (Ks. 92,500,000) to (500) Shares equivalent to Amount Paid on theses Shares (Ks.5,000,000)as par Written resolution of the Shareholders of the Company on (30-09-2026).

Tesco Yangon Company Limited

Ph: 09-5413989

Email: tescoyangon.mm@gmail.com

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ရေနှင့်သန့်ရှင်းမှုဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## (၇/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့် တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါ သည်-

(က) တင်ဒါခေါ်ယူ၍ဆောင်ရွက်မည့်လုပ်ငန်းများအမည်-
- (၁) အောင်မြေသာစံမြို့နယ်၊ ကမ်းနားလမ်းသီရိမာလာငါးဈေးတွင် လျှောင်ကြောင့်ပျက်စီးသွားသော(၁၄)ခန်းတွဲအများသုံးသန့်စင် ခန်းတည်ဆောက်ခြင်းလုပ်ငန်း(Lot-1)
- (၂) မြို့ရှောင်လမ်း မန္တလေး-မိုးကုတ်လမ်းမှ ၂၂ လမ်းအထိ လမ်းဘေး ချဲ့ခြင်းလုပ်ငန်းနှင့် မလွတ်ကင်းသည့် လျှောင်ကြောင့်ယိမ်းယိုင် သွားသောရေပေးရေး 33 kV ဓာတ်အားလိုင်းပြောင်းရွှေ့ တည်ဆောက်ခြင်း(Lot-2)

(ခ) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်

(ဂ) တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၉)ရက်

(ဃ) တင်ဒါအချက်အလက် ရှင်းလင်းမည့်နေ့ - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်

(င) တင်ဒါအာမခံကြေး (၁%)ပေးသွင်းခြင်း - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက် - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်

(စ) တင်ဒါပုံစံလက်ခံခြင်း - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက်

(ဆ) တင်ဒါပုံစံလက်ခံ စာရင်းပိတ်ခြင်း - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်

(ဇ) တင်ဒါဖွင့်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်

(ဈ) တင်ဒါတင်သွင်း ရမည့်နေရာ - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

(ည) တင်ဒါလျှောက်လွှာ ဈေးနှုန်း - Lot 1 တစ်စောင်လျှင် ၂၁,၀၀၀/-နှုန်း Lot 2 တစ်စောင်လျှင် ၂၈,၀၀၀/-နှုန်း

၂။ တင်ဒါပုံစံများအား ၁-၁၀-၂၀၂၆ ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့ လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၉-၂၂၁၅၆၇၅ သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန**

---

**ပျောက်ဆုံးကြောင်း**
နိုင်ထက်အောင်(ဘ)ဦးသန်းနိုင် ၁၂/မရက(နိုင်)၁၆၀၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၇၃၄၈၃၂၇**

**ပျောက်ဆုံးကြောင်း**
သင်းသင်းမာ(ဘ)ဦးလှထွန်း ၁၄/ဟသတ (နိုင်)၃၀၈၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၃၂၁၀၂၀၈**

**ပျောက်ဆုံးကြောင်း**
ယုယုမော်(ဘ)ဦးနိုင်ဝင်း ၁၂/သခန(နိုင်) ၁၅၈၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၉၆၃၁၁၈၀**

**ပျောက်ဆုံးကြောင်း**
မြတ်သူရထွန်း(ဘ)ဦးတင်ထွေး ၁၂/အစန (နိုင်)၂၈၄၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၂၁၀၃၃**

---

**ပျောက်ဆုံးကြောင်း**
ဒေါ်မီမီကျော်(ဘ)ဦးခင်မောင်ကျော် ၉/ခအဇ (နိုင်)၀၃၆၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MJ 881858)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၇၇၆၉၀၉၁၁၆**

**ပျောက်ဆုံးကြောင်း**
ဒေါ်ဟေမာဝင်း(ဘ)ဦးလေးကြည် ၈/အလန (နိုင်) ၁၈၇၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၅၅၆၃၄၃၉**

**ဖခင်အမည်မှန်**
လယ်ဝေးမြို့၊ ကောင်းသစ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 မှ မဝင့်ရွှေစင်၏ဖခင်အမည်မှန်မှာ ဦးကျော်သူ အောင်၉/လဝန(နိုင်)၁၆၁၈၂၈ ဖြစ်ပါကြောင်း။ **ဦးကျော်သူအောင်**

**မိဘအမည်မှန်**
သထုံမြို့နယ်၊ အ.လ.က ဒဂ်ုးဆိပ် Grade-8 မှ မောင်အောင်သူရမျိုး၏ မိဘအမည်မှန်မှာ စောအေးမျိုး ၃/ဘအန(နိုင်)၄၁၂၁၀၁ နှင့် ဒေါ်မွန်မွန်အောင် ၁၀/သထန(နိုင်)၁၈၈၁၄၃ ဖြစ်ပါကြောင်း။ **စောအေးမျိုး-ဒေါ်မွန်မွန်အောင်**

**မိဘအမည်မှန်**
သထုံမြို့နယ်၊ အ.လ.က ဒဂ်ုးဆိပ် Grade-5 မှ မောင်နေဇော်ထွဋ်၏ မိဘအမည်မှန်မှာ ဦးတင်ပု ၆/မမန(နိုင်)၂၄၃၉၁၄ နှင့် ဒေါ်အေးအေး ၁၀/သထန(နိုင်)၁၆၈၁၂၂ ဖြစ်ပါကြောင်း။ **ဦးတင်ပု-ဒေါ်အေးအေး**

**မိဘအမည်မှန်**
သထုံမြို့နယ်၊ အ.လ.က ဒဂ်ုးဆိပ် Grade-5 မှ မနှင်းမြတ်နိုးလွင်၏ မိဘအမည်မှန်မှာ ခွန်ဌေးဌေးလွင် ၃/ဘအန(နိုင်)၂၇၀၁၇၀ နှင့် ဒေါ်ငွေတိုး ၁၀/သထန(နိုင်)၁၉၀၂၁၉ ဖြစ်ပါ ကြောင်း။ **ခွန်ဌေးဌေးလွင်-ဒေါ်ငွေတိုး**

**မိဘအမည်မှန်**
သထုံမြို့နယ်၊ အ.လ.က ဒဂ်ုးဆိပ် Grade-9 မှ မောင်ထက်ဝေယံ၏ မိဘအမည်မှန်မှာ စောဝင်းမြင့် ၁၀/ကထန(နိုင်)၀၇၂၃၂၇ နှင့် ဒေါ်ဌေးမြင့်ဦး ၁၀/ကထန(နိုင်)၀၇၃၅၅၇ ဖြစ်ပါကြောင်း။ **စောဝင်းမြင့်-ဒေါ်ဌေးမြင့်ဦး**

**ပျောက်ဆုံးကြောင်း**
မေသီတာသဲ(ဘ)ဦးစန်းဦး ၁၂/မဘန(နိုင်) ၂၂၉၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
သိန်းဇော်လွင်(ဘ)ဦးငွေသောင်း ၈/မကန (နိုင်)၁၇၇၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ဖခင်အမည်မှန်**
ပျော်ဘွယ်မြို့နယ်၊ အထက(တဲကြီးကုန်း) Grade-11 မှ မောင်ကျော်ဇင်လတ်၏ဖခင် အမည်မှန်မှာ ဦးမောင်သန်း ၈/နမန(နိုင်) ၁၀၄၅၉၃ ဖြစ်ပါကြောင်း။ **ဦးမောင်သန်း**

**ပျောက်ဆုံးကြောင်း**
မေသူလွင်(ဘ)ဦးကြည်စန်း ၇/ကပက(နိုင်) ၁၀၆၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ယုယုမော်(ဘ)ဦးချစ်ရွှေ ၇/ပတန(နိုင်) ၁၀၇၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ဖရန်စစ္စကို(ဘ)ဦးလခြောက် ၂/ဒမဆ(နိုင်) ၀၅၆၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၁၄၆၀၉၆**

**ပျောက်ဆုံးကြောင်း**
ဇင်မျိုးနိုင်(ဘ)ဦးသိန်းဝင်း ၉/မခန(နိုင်)၂၁၆၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 508073)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၈၅၀၄၉၈၉**

---

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၃၇/မမ/CE | **တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း** တောင်ငူဘူတာအဆောက်အဦသစ်တည်ဆောက်ခြင်း Two Storey RCC Building(146'-6"x 50'-0")နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(နှစ်ဆက်လုပ်ငန်း) |
| ၂ | ၃၃၈/မမ/CE | တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း၊ တောင်ငူဘူတာအဝင်ကားလမ်းတွင် 10'-0" RC Box Culvert တံတား(၂)စင်းတည်ဆောက်ခြင်းလုပ်ငန်း(နှစ်ဆက်လုပ်ငန်း) |
| ၃ | ၃၃၉/မမ/CE | တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း ရထားလမ်းမြေသားတာပေါင်ပေါ်တွင် ရထားလမ်းခင်းရန်အတွက် အောက်ခံအမာလွှာ(Sub-Ballast Material)ပစ္စည်းများဝယ်ယူရန်နှင့် ရထားလမ်းအောက်ခံအမာလွှာခင်းခြင်းလုပ်ငန်း(Sub-Ballast Layer)ခင်းခြင်းလုပ်ငန်း |
| ၄ | ၃၄၀/မမ/ CME/MIT | လူစီးတွဲများအကြီးတန်းပြုပြင်ရန်လိုအပ်သောပစ္စည်း(၂၇)မျိုးဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၆-၁၀-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂-၁၀-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-294352, 291994**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာပိတ်ရက်တိုးမြှင့်သတ်မှတ်ကြောင်းကြေညာခြင်း

၁။ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အမှုထမ်း (၃၀)နေရာအတွက် လျှောက်လွှာခေါ်ယူမှုကို ၅-၉-၂၀၂၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာနှင့် ၆-၉-၂၀၂၆ ရက်နေ့၊ ၈-၉-၂၀၂၆ ရက်နေ့တို့၌ မြဝတီသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့ပြီး လျှောက်လွှာပိတ်ရက်ကို ၃၀-၉-၂၀၂၆ ရက်နေ့ သတ်မှတ်ခဲ့ပါသည်။

၂။ အဆိုပါကြော်ငြာတွင်ပါရှိသောလျှောက်လွှာပိတ်ရက် ၃၀-၉-၂၀၂၆ ရက်နေ့(ဗုဒ္ဓဟူးနေ့) အစား ၃၀-၁၀-၂၀၂၆ ရက်(သောကြာနေ့)အထိ တိုးမြှင့်သတ်မှတ်ပါသည်။ ရေးဖြေဖြေဆိုရမည့် နေ့ရက်နှင့် အချိန်အား www.monpifer.gov.mm Website တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

---

**ပျောက်ဆုံးကြောင်း**
ခင်သန်းနွဲ့(ဘ)ဦးလှရွှေ ၁၂/ပဇတ(နိုင်) ၀၁၇၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၈၄၄၀၇၇**

**ပျောက်ဆုံးကြောင်း**
ညီညီဇော်(ဘ)ဦးစိုးမြင့် ၁၂/သလန(နိုင်) ၁၃၄၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
တင်ဇာဝင်း(ဘ)ဦးဌေးမောင် ၇/ပခန(နိုင်) ၄၄၇၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
နန်းဝေလင်း(ဘ)ဦးဖိုးပု ၇/ပတန(နိုင်) ၁၅၆၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
နန်းဝိုးလျှိုး(ဘ)ဦးမြင့်ဝေ ၁၃/တခလ(နိုင်) ၀၀၉၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MP 438140)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုမည့် BPS M-7 Machine များ၏ နေ့စဉ်သုံးဆက်စပ်ပစ္စည်း Consumables များအား မြန်မာကျပ်ငွေဖြင့် အောက်ပါ အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၂-၁၀-၂၀၂၆ ရက်နေ့မှ ၁၅-၁၀-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း)

တင်ဒါပုံစံ ရောင်းချမည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)

တင်ဒါနောက်ဆုံး တင်သွင်းရမည့်နေ့ရက် - ၁၉-၁၀-၂၀၂၆ ရက်နေ့ မွန်းလွဲ(၁:၀၀)နာရီ

တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၁၉-၁၀-၂၀၂၆ ရက်နေ့ မွန်းလွဲ(၁:၃၀)နာရီ

တင်ဒါဖွင့်လှစ်မည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ ကိုသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန် အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**
ဒေါ်ဘေဘီ(ဘ)ဦးရွှေဝင်း ၁၂/ဥကတ(နိုင်)၁၉၃၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
မြဝတီမြို့၊ ရပ်ကွက်(၃)၊ ငှက်ပျော တောလမ်းနေ အောင်ကိုထိုက်(ဘ) ဦးတင်စိုး ၃/မဝတ(နိုင်)၀၈၁၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 275616)မှာ ပျောက်ဆုံး သွားပါသဖြင့်တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၆၈၄၈၈၉၀၁၁**

**ပျောက်ဆုံးကြောင်း**
မရမ်းကုန်းမြို့၊ အမှတ်(၆)ရပ်ကွက် ဥဩဇာစာဂီနေ အောင်သူမိုး(ဘ) ဦးညွန့်တင် ၁၁/စတန(နိုင်)၀၇၆၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၄၅၆၆၁၃၁၃၄**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၉၁)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၁၆ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

တ - ၂၂၆၀၀၉

### အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

ထ - ၂၅၆၆၇၃   ဒ - ၈၁၉၅၈၂

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဆ - ၃၁၅၈၀၈   က - ၉၂၃၁၈၅
ဂ - ၆၀၅၁၉၉

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

| | |
|---|---|
| ပ - ၂၄၃၂၆၀ | န - ၆၁၉၅၉၉ |
| တ - ၄၈၆၀၁၁ | ည - ၆၈၅၂၉၃ |
| ခ - ၆၁၂၉၉၅ | ဈ - ၉၂၈၉၁၄ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

| | | |
|---|---|---|
| ပ - ၁၂၆၁၅၇ | တ - ၃၆၇၀၃၉ | န - ၅၈၄၆၈၁ |
| ခ - ၁၅၂၆၉၄ | ဋ - ၄၁၆၁၄၀ | င - ၆၀၉၉၀၁ |
| ခ - ၂၄၂၉၀၃ | ထ - ၄၆၅၈၃၆ | တ - ၇၅၉၁၁၄ |
| ဈ - ၂၄၃၁၂၇ | ဈ - ၄၈၂၀၉၃ | ဆ - ၉၄၈၃၄၇ |
| က - ၃၂၆၇၈၀ | ည - ၅၀၈၀၅၄ | ဓ - ၉၈၉၂၀၆ |
| ခ - ၃၃၂၄၄၅ | ခ - ၅၅၄၉၉၂ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

| | | |
|---|---|---|
| ဂ - ၁၁၆၇၆၈ | ဂ - ၂၉၄၇၆၇ | စ - ၅၇၇၆၁၉ |
| စ - ၁၅၄၀၄၁ | ဍ - ၃၁၃၅၆၅ | က - ၇၄၁၈၅၇ |
| ဒ - ၂၀၅၀၈၇ | ပ - ၄၁၇၁၁၁ | ပ - ၇၆၄၂၁၁ |
| ဂ - ၂၁၇၇၈၈ | ည - ၄၃၀၅၅၄ | စ - ၈၂၃၄၁၁ |
| က - ၂၃၄၀၄၁ | ဌ - ၄၅၂၃၃၅ | တ - ၈၈၈၁၁၈ |
| ဋ - ၂၉၀၈၄၈ | န - ၅၃၉၇၅၀ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

| | | |
|---|---|---|
| က - ၁၇၉၁၃၄ | ထ - ၄၆၉၀၀၉ | ပ - ၇၃၇၉၇၇ |
| ဓ - ၁၉၄၀၇၃ | င - ၅၉၁၃၃၉ | စ - ၇၄၆၀၆၈ |
| ဓ - ၂၁၉၈၇၈ | ဈ - ၅၉၃၀၈၂ | ဃ - ၇၅၇၈၂၆ |
| စ - ၂၂၃၁၃၉ | န - ၆၂၈၂၆၄ | ဒ - ၇၇၁၇၉၃ |
| ဈ - ၃၆၉၁၃၂ | ဏ - ၆၃၂၅၂၁ | ဆ - ၈၃၄၇၁၁ |
| ဓ - ၄၄၉၅၂၂ | စ - ၆၉၃၆၇၁ | ခ - ၈၄၃၂၀၉ |
| ဈ - ၄၆၄၆၈၂ | တ - ၇၀၀၈၄၆ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

| | |
|---|---|
| ပ - ၁၈၃၈၅၉ | ခ - ၄၇၂၅၅၅ |
| တ - ၁၉၃၀၃၄ | က - ၄၇၄၂၁၉ |
| ဋ - ၂၃၉၆၅၅ | ဃ - ၅၆၆၄၉၀ |
| ဏ - ၂၈၅၇၄၄ | ဆ - ၅၉၃၂၉၁ |
| ဂ - ၂၉၆၉၃၉ | ဈ - ၆၃၃၆၂၅ |
| ခ - ၃၃၇၂၃၀ | ဓ - ၇၅၁၅၈၃ |
| ဒ - ၃၅၄၀၈၄ | ည - ၇၈၃၅၆၆ |
| ဆ - ၃၆၄၅၃၁ | ဋ - ၇၉၉၉၇၇ |
| ဌ - ၃၉၃၃၄၀ | ဓ - ၈၄၂၈၄၃ |
| ဋ - ၄၃၉၆၁၁ | ဍ - ၈၇၄၇၀၁ |
| ခ - ၄၆၉၀၁၃ | စ - ၈၉၆၈၄၆ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀) ဆုများ

| | | | |
|---|---|---|---|
| ထ - ၁၂၁၂၅၅ | ဍ - ၃၈၄၃၇၂ | ဒ - ၆၂၇၈၁၀ | ဃ - ၇၈၂၁၀၄ |
| ဈ - ၁၆၁၂၀၄ | ခ - ၄၀၆၄၃၀ | န - ၆၃၀၂၀၉ | ဏ - ၇၉၈၉၈၀ |
| ဌ - ၁၉၄၈၈၂ | ဆ - ၄၂၁၄၃၄ | တ - ၆၆၁၈၉၀ | ဆ - ၈၄၁၄၈၆ |
| ပ - ၂၂၈၄၅၉ | ဆ - ၄၅၄၁၃၆ | တ - ၆၇၃၅၄၀ | ဋ - ၉၀၉၉၆၆ |
| ဋ - ၃၅၈၈၂၂ | ဆ - ၄၈၁၉၅၃ | ဂ - ၇၁၉၃၁၄ | င - ၉၁၁၄၂၄ |
| ည - ၃၆၀၉၉၅ | ခ - ၄၈၂၂၀၆ | ဋ - ၇၂၃၈၁၅ | ပ - ၉၁၁၈၁၄ |
| ဂ - ၃၆၁၀၃၈ | ည - ၅၂၄၉၉၉ | က - ၇၄၉၆၀၂ | ပ - ၉၇၈၃၆၀ |
| | | ပ - ၇၆၀၀၅၇ | ဏ - ၉၈၂၄၃၁ |

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ဋ - ၁၀၈၅၃၀ | ဓ - ၃၀၁၈၉၁ | ဆ - ၄၈၈၀၇၅ | တ - ၆၃၈၄၃၇ | ဈ - ၇၄၀၆၉၆ |
| ဓ - ၁၁၂၈၂၅ | ဈ - ၃၅၃၈၁၃ | ထ - ၄၉၈၂၉၂ | ဓ - ၆၁၁၀၄၁ | ဌ - ၇၈၂၅၁၃ |
| ည - ၁၂၉၆၀၉ | ဋ - ၃၆၄၂၂၀ | ဏ - ၅၁၆၇၁၄ | ဓ - ၆၆၀၇၅၆ | န - ၈၀၄၅၆၅ |
| ခ - ၁၃၆၀၇၆ | ဓ - ၃၉၆၆၇၃ | ထ - ၅၂၀၆၈၉ | ဃ - ၆၆၅၀၅၂ | ဂ - ၈၀၆၉၈၂ |
| ဃ - ၁၄၈၁၂၇ | တ - ၄၃၆၁၀၅ | ဌ - ၅၆၃၁၈၃ | ဒ - ၆၉၅၄၇၃ | ဒ - ၈၁၆၂၀၈ |
| ဓ - ၂၀၈၇၁၇ | ထ - ၄၈၄၀၆၀ | ဏ - ၆၂၂၉၄၄ | တ - ၆၉၇၈၉၀ | ခ - ၈၈၄၀၁၆ |
| | | | က - ၇၁၉၂၆၃ | ဏ - ၉၁၀၁၇၂ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅) ယူနစ်

| | |
|---|---|
| ခ - ၁၁၂၉၂ | ပ - ၃၆၆၃၃ |
| ည - ၂၃၂၆၆ | ဂ - ၇၇၁၆၃ |
| ပ - ၂၆၁၂၈ | |

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁၀) ယူနစ်

| | |
|---|---|
| ဃ - ၁၄၅၉ | ဓ - ၅၈၃၃ |
| ခ - ၂၄၄၀ | ဆ - ၈၂၇၄ |
| ခ - ၃၀၀၅ | ည - ၈၄၀၉ |
| ဆ - ၃၄၂၈ | ပ - ၈၈၆၂ |
| ဍ - ၅၄၂၂ | ပ - ၉၃၃၄ |

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၃) ယူနစ်

| | | |
|---|---|---|
| ခ - ၁၀၇ | ည - ၆၀၄ | န - ၈၆၁ |
| က - ၁၃၂ | စ - ၇၀၈ | ဓ - ၈၈၆ |
| ဒ - ၁၄၈ | ထ - ၇၄၂ | န - ၉၂၂ |
| ဒ - ၃၅၂ | ခ - ၇၅၇ | ဈ - ၉၅၃ |
| ည - ၃၅၄ | | |

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၁၀) ယူနစ်

| | | | |
|---|---|---|---|
| ခ - ၁၄ | က - ၂၃ | က - ၅၉ | က - ၆၉ |
| ဋ - ၂၁ | ဆ - ၄၄ | ဂ - ၆၄ | ဋ - ၈၀ |
| | | ပ - ၆၇ | ဏ - ၈၀ |

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ထ - ၇

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ – ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| န - ၁၅၃၄၃၄ | ဃ - ၈၈၈၂၉၅ |
| င - ၄၈၈၀၆၃ | ဋ - ၉၈၃၁၈၅ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဍ - ၆၃၅၇၄   ဂ - ၇၂၆၃၈

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ဌ - ၃၃၂၅
စ - ၅၆၁၇

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ဏ - ၇၅၉
ဓ - ၈၂၃

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၉၁) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၂၁၁၂၁၄) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၂၁၁၂၁၄) ဦးဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၉၂) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ပ) အက္ခရာထိ အက္ခရာ (၂၁) လုံးဖြစ်ပါသည်။

၄။ (၉၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၁၀-၂၀၁၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၂-၁၀-၂၀၁၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Fresh LEMON
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
MOUNT PLEASANT COFFEE
2 plus 1
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN NAN MYAING
Drip Coffee
ပင်ရင်းအရောင်း - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA




OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ စာမျက်နှာ ၅ ကော်လံ ၅ ❍

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် ဒုတိယမြောက်ရွှေတံဆိပ်ဆုကို မြန်မာ့လက်ရွေးစင် Esports အသင်းက ထပ်မံဆွတ်ခူးရရှိခဲ့ပြီး မြန်မာနိုင်ငံမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုဖြင့် နိုင်ငံအလိုက်အဆင့် ၂၂ ဖြင့် ရပ်တည်



နေပြည်တော် အောက်တိုဘာ ၁

ဂျပန်နိုင်ငံ Aichi-Nagoya ၌ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB)ပြိုင်ပွဲတွင် မြန်မာ Esports အသင်းမှ နည်းပြငါးဦးနှင့် အားကစားသမား ၁၇ ဦး စုစုပေါင်း ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ စာမျက်နှာ ၁၉ ကော်လံ ၁ ■

## တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်သင်ကြား

နေပြည်တော် အောက်တိုဘာ ၁

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ စာမျက်နှာ ၁၉ ကော်လံ ၁▼



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲကျင်းပစဉ်။

## ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၁

အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။ (မိုး/ဇလ)


မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပေး ဆောင်းပါး- စာ - ၂၇ သို့

M League 2026 U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် Galaxy အသင်း ဟံသာဝတီယူနိုက်တက်အသင်းကို အနိုင်ယူ စာ - ၁၄ သို့

ဘင်္ဂလားဒေ့ရှ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုဆိုးရွားလာနိုင် နိုင်ငံတကာသတင်း- စာ - ၂၅ သို့